بسم الله الرحمن الرحيم

الحمد لله على جميع النعم، والصلاة والسلام على سيدنا محمد وآله وصحبه ما جرى المداد بالقلم.

မော်လာနာ မုဖ်သီ မိုဟမ္မဒ်အာစွင်းမ်(နဒ်ဝီ၊အဗ္ဗလ်ဟာစနီ၊မဇ္ဇာဟော့ရီ)၏ အမှာစာ

လောကရဲ့နိယာမ

မြင့်မြတ်တော်မူသောအလ္လာဟ်အရှင်မြတ်က လောကကြီးကို မတူညီတဲ့ ဆန့်ကျင်ဘက်အရာတွေနဲ့ အလှဆင်ထားပါတယ်။ အလင်းနဲ့ အမှောင်၊ အချိုနဲ့အခါး၊ ဖိုနဲ့မ၊ ဒုက္ခနဲ့ သုခ၊ ပျော်ရွှင်ခြင်းနဲ့ ပူဆွေးသောက။ ....

အရာရာတိုင်းရဲ့ တန်ဖိုးနဲ့အနှစ်သာရတွေကိုလည်း သူ့ရဲ့ဆန့်ကျင်ဘက်ကို ကြည့်ပြီး သိရှိနိုင်ပါတယ်။ الأشياء تعرف بضدها

ဒုက္ခမှာကောင်းခြင်းတွေရှိတယ်၊ ပူဆွေးသောကတွေမှာ အလှတရားတွေရှိတယ်လို့ပြောရင် အံ့အားသင့်သွားမှာလား?

ဒုက္ခရဲ့ကောင်းခြင်းတွေကိုပြောပြီးပူဆွေးသောကရဲ့အလှတရားတွေကို လှစ်ဟာပြသပေးမယ့် စာအုပ်တစ်အုပ်ရှိနေပါတယ်ဆိုရင် အံ့အား သင့်ဖို့မလိုတော့ပါဘူး။

ပူဆွေးသောကမဖြစ်ပါနဲ့

မျိုးဆက်သစ်ကလောင်ရှင် ကိုယ်တော်မြတ် ﷺ ၏မျိုးနွယ်ဝင် မော်လာနာစိုင်ယစ်ဒ်မိုဟမ္မဒ် ဟာစံရှား (ဟိုစိုင်နီ၊ အလ်ကောင်ဆရီ) ကောက်နုတ်တင်ပြထားတဲ့ လူကြီးမင်းလက်ဝယ်မှာရှိနေတဲ့ ''**ပူဆွေးသောကမဖြစ်ပါနဲ့**''ဆိုတဲ့ စာအုပ်ငယ်ဟာ ကျွန်တော်တို့ရဲ့ ဒုက္ခတွေကို သုခနဲ့ပြောင်းပေးပါလိမ့်မယ်။ ပူဆွေးသောကတွေကို ပျော်ရွှင်ခြင်းတွေနဲ့အစားထိုးပေးပါလိမ့်မယ်။ ဖရိုဖရဲဖြစ်နေတဲ့အခြေအနေတွေကို တည့်မတ်ပေးပါလိမ့်မယ်။ ရတာမလို လိုတာမရဖြစ်နေတဲ့ ကျွန်တော်တို့ရဲ့ ဘဝကြီးကို လိုတရဘဝအဖြစ်ပြောင်းလဲပေးပါလိမ့်မယ်လို့ ပဏ္ဏာမ သတင်းကောင်းပေးပါရစေ။

Covid - 19 နဲ့ စိတ်ကျရောဂါ

ကမ္ဘာနဲ့အဝှမ်းမှာရှိကြတဲ့ မိတ်ဆွေအများစုဟာ Covid – 19 ကြောင့် စိတ်ကျရောဂါခံစားနေကြရပါတယ်။ သာယာလှပတဲ့ဘဝထဲက နေ ပျော်ရွှင်မှုတွေ စိတ်သုဉ်းသလိုခံစားနေကြရပါတယ်။ ဆုံးရှုံးမှုတွေကြောင့် ငိုရှိုက်သံတွေ၊ ဘဝအမောတွေပြေပါစေတော့ဆိုတဲ့ ငြီးတွားသံတွေဟာ နေ့စဉ်မပြတ် ရွတ်ဖတ်ရတဲ့ ကျက်စာသဖွယ်ဖြစ်နေပါတယ်။

လောကီဘဝအောင်မြင်ရေးအတွက်ဖွင့်လှစ်ထားတဲ့successful သင်တန်းတွေ၊ လတ်တလောပျော်ရွှင်ရေးနီတိတွေ၊ တဒင်္ဂစိတ်ချမ်းသာရေး strategy(မဟာဗျူဟာတွေ)ကတော့ ထာဝရစိတ်ချမ်းသာမှုတွေကို ပေးနိုင်မှာ မဟုတ်တာ သေချာပါတယ်။

لا تحزن ကျမ်းဖြင့် ထာဝရအောင်မြင်မှုဆီသို့ချီတက်ခြင်း

နှစ်ဘဝအောင်မြင်မှုရဲ့ သော့ချက်တွေ၊ ထာဝရပျော်ရွှင်စေမယ့် နည်းမှန် လမ်းမှန်တွေကတော့ အစ္စလာမ်သာသနာတော်ထဲမှာရှိကြောင်း၊ ပြည့်ဝတဲ့ အီမာန်ရဲ့ခွန်အားတွေထဲမှာ တိမ်မြုပ်နေကြောင်း ကျမ်းမြတ်ကုရ်အာန်ထဲမှာ အကြိမ်ပေါင်း (၃၀)ထက်မနည်း ဖော်ပြထားပါတယ်။ ဒီအတွက် ဟဒီးဆ်တော်ပေါင်းများစွာကလည်း သက်သေထူနေပါတယ်။ အစ္စလာမ့်သမိုင်းမှာလည်း ဒီသစ္စာတရားကို ထောက်ခံနေတဲ့သာဓကတွေ ဒုနဲ့ဒေးပါပဲ။

ကုရ်အာန်ကျမ်းလာ အောင်မြင်ရေးဗျူဟာတွေ၊ ဟဒီးဆ်တော်များက ပေးထားတဲ့ ဘဝခွန်အားတွေ၊ အစ္စလာမ့်သမိုင်းက ဖွင့်ဟပြသခဲ့တဲ့ဘဝအောင်မြင်ရေးနီတိတွေကို ဒေါက်တာအာအိဇ် အလ်ကရ်နီဆိုတဲ့ပညာရှင်ကြီးက لا تحزن ((Don’t be sad))ဆိုပြီး ကျမ်းတစ်ကျမ်းပြုစုခဲ့ပါတယ်။ စာအုပ်ပါ စိတ်ဓာတ်ခွန်အားတွေ၊ ပြောင်မြောက်လှတဲ့ ရေးသားချက်တွေ၊ နှလုံးသားကို ကိုင်လှုပ်နိုင်စွမ်းတွေကြောင့် ကမ္ဘာ့အရောင်းရဆုံး ကျမ်းတစ်ကျမ်းနေရာကို ယူနိုင်ခဲ့ပါတယ်။ စိတ်ကျဝေဒနာရှင်အများစုကိုလည်း ကုစားပေးနိုင်ခဲ့တာဟာ မျက်မြင်ကိုယ်တွေ့ပါ။ ဘာသာစကားပေါင်းများစွာနဲ့ ဘာသာပြန်ဆိုလို့လည်း ပြီးခဲ့ပါပြီ။

ဤကျမ်းမှာ ပြည့်မောက်နေတဲ့နှလုံးသားအာဟာရတွေ ၊ နူးညံ့သိမ်မွေ့လှတဲ့ ဖြေသိမ့်ချက်တွေကို မော်လာနာစိုင်ယစ်ဒ်မုဟမ္မဒ် ဟစံရှား(ဟိုစိုင်နီ၊အလ်ကောင်ဆရီ)က ကောက်နှုတ်ကာ ဘာသာပြန်ဆို ထားပါတယ်။ ရောင်သွေးစုံလင်တဲ့ စာပန်းချီတစ်ချပ်ဟုပင် တင်စား

ထိုက်ပါတယ်။ ကျွန်ုပ်တို့နှလုံးသားအမှောင် ဝဲဂယက်မှာ လင်းရောင် ထွန်းညှိပေးမယ့် မီးရှူးတန်ဆောင်တစ်ခု မုချဖြစ်နေပါတယ်။

ကျွန်ုပ်အနေနဲ့မော်လာနာဆပ်ရဲ့ ကောက်နှုတ်ပြန်ဆိုချက်များ ကို အဆွရ်ပြီးတိုင်း ပြုလုပ်သည့်မိသားစုသအ်လီးမ်တွင်လည်း နေ့စဉ် လိုလိုနားထောင်ဖြစ်ခဲ့ပါတယ်။ စာအုပ်အသွင်ကောက်နှုတ်ပြန်ဆိုပြီး ချိန်တွင်လည်း ထပ်မံဖတ်ရှုဖြစ်ခဲ့ပါတယ်။ သောတအာရုံမှတဆင့် နှ လုံးသားပေါ်ဖြတ်လျှောက်လာသော စိတ်ဓာတ်ခွန်အားများကို အကြိမ် ကြိမ်ကြုံဆိုခဲ့မိကြောင်း ရိုးသားစွာပဲဝန်ခံပါရစေ။ စာဖတ်သူတိုင်းလည်း မိမိနှလုံးသားတံခါးကိုခေါက်နေပြီ၊ နှလုံးသားအာဟာရတွေ တိုးနေပြီဟု မုချခံစားရပါလိမ့်မယ်။ إن شاء الله

မော်လာနာဟာစံရှားဟာ မိမိရဲ့တန်ဖိုးမဖြတ်နိုင်တဲ့ စာပေကျမ်း ဂန်များနဲ့ စာဖတ်ပရိသတ်နှလုံးသားကို ပိုင်ဆိုင်ထားသူဖြစ်ပါတယ်။

မြင့်မြတ်တော်မူသော အရှင်မြတ်ထံမှာ ဤမျိုးဆက်သစ် က လောင်ရှင်အတွက် အထူးဒိုအာပြုမိပါတယ်။ မော်လာနာဆပ်ရေးခဲ့သမျှ စာအုပ်များ၊ ရေးလက်စ စာအုပ်များနှင့် နောင်ရေးသားပြုစုရန် ရည်သန် ထားသမျှစာအုပ်များကိုလည်း အထူးလက်ခံပေးသနားတော်မူပြီး စာ ဖတ်ပရိသတ်အတွက်လည်း အကျိုးထူးများ ဖြစ်ထွန်းစေတော်မူပါဟု လည်း ဆုမွန်ခြွေပါတယ်။

ဤစာအုပ်ဖြစ်မြောက်ရေးမှာ အုပ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ခွင့် ရရှိခဲ့သူများ အားလုံးကိုလည်း အရှင်မြတ် နှစ်ဘဝရဲ့ အောင်မြင်မှုများ၊

စိတ်ရဲ့ချမ်းသာခြင်း၊ ကိုယ်ရဲ့ကျမ်းမာခြင်းများ ချီးမြှင့်ပေးသနားတော်မူပါဟု ဆုမွန်ကောင်းများ တောင်းရင်း ....အာမီးန်

မုဟမ္မဒ် အာစွင်းမ် (နဒ်ဝီ၊အဗ္ဗလ်ဟာစနီ၊မဇွာဟေ့ရီ)

ဟာစ်ဂျ်ရီ (၁၄၄၁)ခု၊ ဇီလ်ဟဂျ်လ(၉)ရက်

ခရစ်နှစ်(၂၀၂၀)ခု၊ ဇူလိုင်လ (၃၁)ရက်
သောကြာနေ့၊ (အရဖားသ်နေ့)

(၁) ပူပင်သောကဖြစ်ခြင်းဟာ ရှရီအသ်က လိုလားတောင်းဆိုထားတဲ့ အရာမဟုတ်သလို လုပ်ရမယ့်ကိစ္စလည်း မဟုတ်ဘူး

အသင်တို့ဟာ အားလည်းမလျော့ကြနဲ့။ ပူပင်သောကလည်း မဖြစ်ကြနဲ့။ (စူရဟ်ဗကရဟ် ၁၃၉)

သူတို့အတွက် ပူဆွေးခြင်း မရှိပါလေနဲ့။ (စူရဟ်သွန် နဟ်လ် ၁၂၇)

အသင်မပူပါနဲ့ မုချအလ္လာဟ်အရှင်မြတ်ဟာ ငါတို့နဲ့အတူရှိတယ်။ (စူရဟ်သောက်ဗဟ် ၄၀)

သူတို့ဟာ စိုးရိမ်ကြောင့်ကြရမယ်လည်းမဟုတ်။ ပူဆွေးကြရမယ်လည်းမဟုတ်။ (စူရဟ်ဗကရဟ် ၃၈)

ပူပင်သောကတွေဟာ စိတ်ဓာတ်ကို ကျစေသလို ဖွဲ ၊ လုံ့လ ၊ ဝီရိယတွေကိုလည်း ယုတ်လျော့ကျဆင်းစေပြီး စိတ်ကို ပျော့ညံ့စေတယ်။ သူက လူ့ဘဝတစ်ခုလုံးကို အရုပ်ကြိုးပျက်ဖြစ်အောင် သေသွားအောင် လုပ်ပစ်တဲ့ရောဂါတစ်မျိုးပဲ။

ပူပင်သောကဆိုတာကတော့ အလုပ်တွေ၊ ကြိုးပမ်းအားထုတ်မှုတွေ ထမြောက်အောင်မြင်မှုမရှိအောင် ကပျက်ရပျက်လုပ်မယ့်အရာ၊နှ လုံးသားအတွက် ဘာအကျိုးမှမရှိတဲ့အရာဖြစ်တယ်။ လူတစ်ယောက်ကို ပူပင်သောကတွေပေးပြီး အဲ့ဒီလူရဲ့ကြိုးပမ်းအားထုတ်မှုတွေကို ဟန့်တားပိတ်ပင်ခြင်းဟာ ရှိုင်သွာန်အကြိုက်ဆုံးကိစ္စပဲ။ အဲ့ဒီလိုပဲ သူ့ကို ဖြောင့်မတ်မှန်ကန်တဲ့ လမ်းပေါ်ကနေ ချောက်ထဲဆွဲချခြင်းဟာလည်း ရှိုင်သွာန်အခုံမင်ဆုံးကိစ္စပဲ။ ဒါ့ကြောင့် အလ္လာဟ်အရှင်မြတ် အမိန့်ရှိတော်မူတယ် " **မကောင်းမှု ကျူးလွန်ဖို့ လျှို့ဝှက်တိုင်ပင်မှုဟာ ရှိုင်သွာန်**

ဘက်ကနေ မုအ်မင်န်တွေကို စိတ်ဒုက္ခပေးဖို့ပဲဖြစ်တယ်”။(စူရဟ်မုဂျာဒလဟ် ၁၀)

ဟဒီးစ်တော်မှာလည်း တတိယလူကို ဖယ်ချန်ထားပြီး နှစ်ယောက်တီးတိုး စကားမပြောကြဖို့ ကိုယ်တော်မြတ်ﷺက တားမြစ်ပိတ်ပင်ထားတယ်။ အကြောင်းက အဲ့ဒီလိုပြောခြင်းဟာ တတိယလူကို ပူပင်သောကဖြစ်စေလို့ပါ။ ဒါ့ကြောင့် ပူဆွေးတာ၊ သောကဖြစ်တာဟာ စိတ်ကို ဒုက္ခဖြစ်စေတဲ့အရာဖြစ်တာကြောင့် အစ္စလာမ်သာသနာက မလိုလား မနှစ်သက်တဲ့ကိစ္စတစ်ခုဖြစ်တယ်။ ဒါ့အပြင် ပူပင်သောကတွေကို ပယ်ထုတ်ထားဖို့ ၊ ရင်ထဲမှာ နေရာမပေးဖို့ ၊ အစ္စလာမ်သာသနာက သူ့ကိုတိုက်တွန်းထားတယ်။ နောက်ပြီး အဲ့ဒီပူပင်သောကတွေကို တိုက်ဖျက်ချေမှုန်းဖို့ ကျောထောက်နောက်ခံ အရင်းအမြစ်တွေကို ရသမျှ အသုံးချဖို့ တောင်းဆိုတိုက်တွန်းထားတယ်။

ပူပင်သောကဆိုတာ လိုလည်းမလိုဘူး။ အရေးလည်းမကြီးဘူး။ ဘာအကျိုးမှလည်းမရှိဘူး။ ဒါ့ကြောင့် ကိုယ်တော်မြတ်ﷺသခင်က “အိုး-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး ပူပင်သောကများမှ အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံခွင့်တောင်းခံပါ၏”ဆိုပြီး ပူပင်သောက ကနေ ခိုလှုံခွင့် တောင်းခံခဲ့တယ်။

ပူပင်သောကဟာ သာယာလှပတဲ့ဘဝကို ညစ်ညမ်းနောက်ကျိအောင် လုပ်ပစ်တဲ့အရာဖြစ်သလို ဝိညာဉ်ကိုပါ အဆိပ်သင့်စေတဲ့အရာဖြစ်တယ်။ အဲ့ဒီလို အဆိပ်သင့်တော့ လူဟာ ကိုယ့်ကိုယ်ကို အင်မတန်ကံဆိုး ၊ ကံခေသူကြီး ၊ အတိဒုက္ခရောက်နေသူကြီးလို့ ခံစားရပြီး စိတ်ထောင်း ကိုယ်ကြေ ဖြစ်ရတယ်။

လူရယ်လို့ ဖြစ်လာရင်တော့ ပူပင်သောကနဲ့ ကင်းတာမဟုတ်ဘူး။ ဒါပေမဲ့ ပူပင်သောကတွေနဲ့ကြုံလာရပြီဆိုရင်တော့ ဒိုအာတွေ တောင်းပြီး၊ သင့်လျော်တဲ့ ကျောထောက်နောက်ခံ အရင်းအမြစ်တွေကို သုံးပြီး အဲဒီပူပင်သောကတွေကို ချေဖျက်ဖို့ အပတ်တကုတ် ကြိုးပမ်းအားထုတ်ဖို့ အရေးကြီးတယ်။

!!!!!

(၂) အလ္လာဟ်ကို သတိရတသရင် စိတ်နှလုံးတွေ ငြိမ်းအေးသွားတာချည်းသာ

အမှန်တရားကို အလ္လာဟ်အရှင်မြတ်ချစ်တယ်။ အမှန်တရားက နှလုံးသားတွေကို ဆေးကြောပေးတဲ့ဆပ်ပြာဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်ကို သတိရတသခြင်းထက် နှလုံးသားကို ဖွင့်ပေးတဲ့ကျင့်စဉ်၊ အကျိုးကြီးမားတဲ့ကျင့်စဉ်ရယ်လို့ ဘယ်ကျင့်စဉ်မျှမရှိဘူး။ فَاذْكُرُونِي أَذْكُرْكُمْ "အသင်တို့ ငါအရှင်အားသတိရကြ ငါလည်းအသင်တို့ကို သတိရမယ်"လို့ အလ္လာဟ်အရှင်မြတ်က ကြေညာထားပြီးသား။ အလ္လာဟ်ကို သတိရရင် စိတ်နှလုံးငြိမ်းအေးတယ်လို့ အလ္လာဟ်ကိုယ်တိုင် မိန့်ပြီးသား။ တနည်း ဒီလောကကမ္ဘာမှာ အလ္လာဟ်အရှင်မြတ်ကို သတိရခြင်းက ဂျန္နသ် သုခဘုံနဲ့ အလားသဏ္ဍာန်တူတယ်။ ဒီဂျန္နသ်ကို မဝင်တဲ့သူက နောင် တမလွန်က ဂျန္နသ်ကိုလည်း ဝင်ရမှာမဟုတ်ဖူး။

အလ္လာဟ်အရှင်မြတ်ကို သတိရတသခြင်းဟာ စိတ်ပျက်စရာ၊

စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာတွေကနေ ကင်းပြီးတော့ အောင်မြင်မှု ပန်းတိုင်ကို အမြန်ရောက်စေတဲ့ အင်မတန်လွယ်ကူတဲ့

ဖြတ်လမ်းတစ်ခုပဲ။ မိတ်ဆွေ! တကယ်သာ စမ်းကြည့်ပါ။ အနာနဲ့ဆေး တကယ်တွေ့စေရ မယ်။

အလ္လာဟ်အရှင်မြတ်ကို သတိရတာသရင် ကြောက်စရာ၊ လန့်စရာ၊ ပူပန်စရာ မီးပင်လယ်ကို အလွယ်တကူ ဖြတ်ကူးနိုင်ပြီးတော့ စိတ်ပျက်စရာ ၊ စိတ်ညစ်စရာ ဒုက္ခခါးတောင်အသွယ်သွယ်ကိုလည်း ကျော်ဖြတ်နိုင်တယ်။

အလ္လာဟ်အရှင်မြတ်ကို သတိရတာသတဲ့လူတွေ စိတ်ချမ်းသာမှုရတာ ဘာမှအံ့သြစရာမဟုတ်ဘူး။ ဒါက မူလသဘာဝဓမ္မပဲ။ အလ္လာဟ်အရှင်မြတ်ကို သတိရတာသမှုမပြုဘဲ မေ့လျော့နေတဲ့သူတွေကမှ တကယ်အံ့သြစရာကောင်းတဲ့သူတွေ ။ သူတို့တွေ အလ္လာဟ်အရှင်မြတ်ကို မေ့ပြီး ဘယ်လိုများ ရှင်သန်နေထိုင်ကျင်လည်နေကြလည်းမသိဘူး? ဒါကြောင့် ကျမ်းမြတ်ကုရ်အာန်ကမိန့်တာ

أَمۡوَاتٌ غَيۡرُ أَحۡيَاءٍ ، وَمَا يَشۡعُرُونَ أَيَّانَ يُبۡعَثُونَ.

သူတို့ဟာ သူသေတွေဖြစ်ကြတယ်။ သူတို့ဟာ ကိုယ်ဘယ်ချိန်ရှင်ပြန်ထရမလဲဆိုတာကိုတောင် မသိကြဘူးတဲ့။

အိုး- ညကို အိပ်မပျော်တဲ့သူတို့၊ ပူဆွေးသောက ဝဏ်ပါထဲမှာ တဝဲလည်လည်ဖြစ်နေသူတို့၊ ဒုက္ခအပေါင်းရဲ့သားကောင်ဖြစ်နေသူတို့ အလ္လာဟ်ရဲ့နာမည်တော်ကို ကိုင်လိုက်ကြပါ။ အဲ့ဒီအရှင်ကို သတိရတာသလိုက်ပါ။ "အဲ့ဒီအရှင်မှာ နာမည်တူရှိတယ်လို့ အသင်သိထားလို့လား"လို့ ကျမ်းမြတ်ကုရ်အာန်မှာ အလ္လာဟ်အရှင်မြတ်က မေးခွန်းထုတ်ထားတယ်။ အဲ့ဒီတော့မိတ်ဆွေ! ပြောချင်တာက အလ္လာဟ်ကို ဘယ်လောက်သတိရမလဲ အဲ့ဒီလောက်စိတ်ချမ်းသာမှုရမယ်။ အလ္လာဟ်အရှင်မြတ်ကို သတိရ

တယ်ဆိုတာကိုက အလ္လာဟ့်ပေါ် ယုံပုံအားကိုမှုအပြည့်နဲ့ အလ္လာဟ် အရှင်မြတ်က ကိုယ့်အခက်အခဲကို ပြေလည်အောင်လုပ်ပေးမယ်လို့ မျှော်လင့်ချက်ထားတာပဲ။ ကျနော်တို့ တောင်းမယ်ဆို အလ္လာဟ်အရှင် မြတ်က နီးနီးလေးပဲ။ ကျနော်တို့ တသမယ်ဆို အလ္လာဟ်ကြားတော်မူ တယ်။ ကျနော်တို့ တောင်းခံမယ်ဆို လက်ခံမယ်။ ဒါကြောင့် မိတ်ဆွေ အလ္လာဟ့်ထံမှာ မရမက တိုးလျှိုးတောင်းခံပါ။ အလ္လာဟ်အရှင်မြတ်ရဲ့ နာမည်တော်ကို လာအေလာဟအစ်လ်လလ္လားဟ်ပဲဖြစ်ဖြစ် ၊အလ်ဟမ်ဒု လစ်လ္လာပဲဖြစ်ဖြစ်၊ ဒိုအာ၊ အစ်သေ့ဂ်ဖာရ်နဲ့ပဲဖြစ်ဖြစ် ပုံစံအမျိုးမျိုးနဲ့ သတိရတာသနေပါ။ ဒီလိုဆို သင့်ဘဝဟာ စိတ်ချမ်းသာစရာ၊ ပျော်စရာ ဘဝလေးတစ်ခု ဖြစ်လာမှာ မလွဲပါ။

!!!!!

(၃) အနာဂတ်အရေး ကြိုမတွေးပါနဲ့

أَتَىٰٓ أَمۡرُ ٱللَّهِ فَلَا تَسۡتَعۡجِلُوهُ " အလ္လာဟ်အရှင်မြတ်ရဲ့ အမိန့်တော်ဟာ ရောက်ရှိလာပြီးပြီ။ ဒါ့ကြောင့် အသင်တို့ အဲ့ဒီအမိန့်တော်ကို အလျင် မလိုကြပါနဲ့"။ (စူရဟ်နဟလ် - ၁)

အနာဂတ်မှာ ဖြစ်မယ့်ဟာတွေကို ကြိုတင်မှန်းဆမနေပါနဲ့။ မိတ်ဆွေက ကိုယ်ဝန်ဆောင် မိခင်ကို လမစေ့ခင် မွေးစေချင်နေတဲ့ သ ဘောလား? မမှည့်ခင် အသီးခူးချင်နေတဲ့ သဘောလား? မနက်ဖန်ဆို တာ ဘာမျှအခြေအမြစ်မရှိတဲ့ အကွယ်ကအရာတစ်ခုဖြစ်တယ်။ မြင် လည်း မြင်ရတာမဟုတ်သလို အရောင်၊ အနံ့၊ အရသာလည်း ခံစား သိရှိလို့ရတဲ့အရာ မဟုတ်ဘူး။ ကျနော်တို့နဲ့ ကြုံရမလား မကြုံရဘူးလား၊ ဖြစ်လာမလား ဖြစ်မလာဘူးလား။ ဘာမျှ မသိရတဲ့ အနာဂတ်ရဲ့ ဒုက္ခ

တွေ၊ မျှော်လင့်ချက်တွေနဲ့ မုန်းချက်တွေကို ကြိုတွေးတွေးပြီး ကြို စဉ်းစား စဉ်းစားပြီး ဘာလို့ စိတ်ဆင်းရဲခံနေတာလဲ? တကယ်ဆို အနာ ဂတ်က ကမ္ဘာမြေကိုတောင် မရောက်သေးဘူး။ အကွယ်မှာပဲ ရှိသေး တယ်။ ကျွန်တော်တို့ဟာ တံတားနားမရောက်သေးဘဲ တံတားကို ဖြတ်ဖို့ မကြိုးစားသင့်ဘူး။ ကျွန်တော်တို့ တံတားနားမရောက်ခင် ကျွန်တော် ရပ်သွားမှာလား၊ ဒါမှမဟုတ် ကျနော်တို့ တံတားနား မရောက်ခင် တံတားကျိုးသွားမှာလားဆိုတာ ဘယ်သူမှ တပ်အပ် ပြောနိုင်တဲ့ ကိစ္စမဟုတ်ဘူး။ တကယ် တံတားနားရောက်ပြီဆိုမှ ကျတော်တို့ အေးအေး ဆေးဆေးဖြတ်လိုက်ကြရမယ်။

ဘာဖြစ်လာမယ် မသိရတဲ့ အနာဂတ်အရေး ကြိုတွေး၊ ကြိုဆွေး ပြီး ကိုယ့်အပူ ကိုယ်ရှာခြင်းဟာ ရှရီအသ်ကလည်း လုံးဝ မနှစ်မြို့တဲ့ အရာဖြစ်တယ်။ ဘာလို့လဲဆိုတော့ ဒါက လုံးဝမကုန်နိုင် မဆုံးနိုင်တဲ့ မျှော်လင့်ချက်ကြီးတစ်ခုဖြစ်တယ်။ အဲ့လိုပဲ ဒါဟာ အရိပ်နဲ့ နပန်းသတ် ခြင်းတစ်ခုဖြစ်လို့ လူ့ဆင်ခြင်ဉာဏ်ကလည်း မနှစ်မြို့တဲ့အရာပဲ။ ဒီနေ့ ကမ္ဘာမှာ တော်တော်များများက စားဝတ်နေရေး အဆင်မပြေမှာ၊ ဆင်း ရဲမွဲတေမှာ ၊ အငတ်ဘေးနဲ့ဒုက္ခအခက်အခဲတွေနဲ့ ရင်ဆိုင်ရမှာကို ကြို တွေးကြတယ်။ ဒါတွေအားလုံးဟာ တကယ်တော့ ရှိုင်သွာန်ရဲ့ကျောင်း တွေကသင်ရိုးတွေပဲ။

الشَّيْطَانُ يَعِدُكُمُ الْفَقْرَ وَيَأْمُرُكُمْ بِالْفَحْشَاءِ وَاللَّهُ يَعِدُكُمْ مَغْفِرَةً مِنْهُ وَفَضْلًا.

"ရှိုက်သွာန်သည် အသင်တို့အား (မိမိတို့ ပစ္စည်းဥစ္စာများကို လှူဒါန်းရန် ကြံရွယ်သောအခါမျိုး၌ ယင်းကဲ့သို့ ပေးကမ်း စွန့်ကြဲခြင်း အားဖြင့် အသင်တို့သည်) ဆင်းရဲနွမ်းပါး၍ သွားကြမည်ဟု ခြိမ်းခြောက်

ကာ (ပေးကမ်းစွန့်ကျဲခြင်းမပြုဘဲ) စေးနဲ့၍ နေကြရန် ညွှန်ကြားလေသည်”။

ငိုနေသူတော်တော်များများကို ပြန်ကြည့်လိုက်ရင် ဒို့တွေ မနက်ဖြန်ဆို အငတ်ဘေးနဲ့ရင်ဆိုင်ရတော့မှာပဲ၊ နောက်တစ်နှစ်လောက်နေရင် နာမကျန်းဖြစ်တော့မှာပဲ၊ နောက်နှစ်တစ်ရာနေရင် ကမ္ဘာကြီး ပျက်သုဉ်းချုပ်ငြိမ်းတော့မှာပဲဆိုတဲ့ (အိပ်မက်ဆိုးတွေ မက်မက်ပြီး) ငိုနေတဲ့သူတွေချည်းပဲ။ ကိုယ့်သက်တမ်းလည်း ကိုယ်မပိုင်ဘဲ၊ ကိုယ်ဘယ်တော့ သေရမှာလည်း ကိုယ်မသိဘဲနဲ့ ဘာမျှအခြေအမြစ်မရှိတဲ့ အကွယ်က အရာတစ်ခုထဲမှာ မနစ်မွန်းနေသင့်ဘူး။

မိတ်ဆွေ! မနက်ဖြန်ကို သူရောက်လာတဲ့အထိ စွန့်လွှတ်ကျောခိုင်းထားလိုက်စမ်းပါ။ မိတ်ဆွေဟာ ဒီနေ့ထဲမှာ ကျင်လည်နစ်မွန်းနေရတဲ့အတွက် မနက်ဖြန်အကြောင်းတွေ မေးလည်းမေးမနေပါနဲ့။ မနက်ဖြန်ရဲ့ တိုက်ကွက်တွေကိုလည်း မျှော်လင့်စောင့်ဆိုင်းမနေပါနဲ့။

နေတောင်မမြင်ရသေးတဲ့ အနာဂတ်အတွက် ပူဆွေးသောကတွေကို အကြွေးဝယ်နေတဲ့သူတွေဟာ အင်မတန်အံ့ဩစရာကောင်းတဲ့သူတွေပဲ။ ဒါကြောင့် အနာဂတ်အရေး မျှော်တွေးမှုတွေကနေ ဝေးဝေး နေလိုက်စမ်းပါ မိတ်ဆွေ!။

!!!!!

(၄) ပျားရည်ကို ထုတ်ယူပါ ၊ ပျားအုံကို မဖျက်စီးပါနဲ့

နူးညံ့ပျော့ပြောင်းမှု ရှိတဲ့အရာတိုင်းက ပိုမိုလှပတင့်တယ်ပြီး တော့နူးညံ့ပျော့ပြောင်းမှု မဲ့သွားတဲ့အရာတိုင်းက ပိုမိုအကျည်းတန်သွား

တယ်။ နူးညံ့ပျော့ပြောင်းမှုက ဘယ်အရာထဲမှာပဲရှိရှိ အဲ့ဒီအရာကို ပိုမိုလှပတင့်တယ်အောင်ပဲလုပ်ပေးတယ်။ ဟောပြောတဲ့အခါ နူးညံ့သိမ်မွေ့တာ၊ ရွှင်ရွှင်ပြုံးပြုံးနဲ့ ချိုသာပျူငှာတဲ့မျက်နှာထား ထားတာ၊ တစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံတဲ့အခါ ကောင်းမွန်တဲ့စကားတွေပြောတာ ဆိုတာ စတဲ့ကောင်းမွန်မြင့်မြတ်တဲ့ အရည်အချင်းတွေကို နဖူးစာကောင်းတဲ့သူတွေပဲ ဆင်မြန်းခွင့်ရကြတယ်။

ဒီအရည်အချင်းတွေဟာ မုအ်မင်န်(အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်သူ)တို့ရဲ့ အရည်အချင်းတွေဖြစ်တယ်။ ပျားတွေလိုပေါ့ ကောင်းတာတွေ စုပ်ယူစားသုံးတော့ ကောင်းတာတွေပဲ ထုတ်လုပ်ပေးတယ်။ ပျားက ပန်းတစ်ပွင့်ပေါ်နားရင် ဘယ်တော့မှ အဲ့ဒီပန်းကို ချိုးမပစ်ဘူး။ ဘာလို့လဲဆိုတော့ ကြမ်းကြမ်းတမ်းတမ်းနဲ့ လုပ်မရတဲ့အရာတွေကို နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့နဲ့ လုပ်တဲ့ခါမှာ အလ္လာဟ်အရှင်မြတ်က အောင်မြင်မှုတွေပေးလေ့ရှိတယ်။

နူးညံ့သိမ်မွေ့တဲ့သူတွေကို လူတွေက လိုက်လိုက်လှဲလှဲ၊ နွေးနွေးထွေးထွေးနဲ့ ကြိုဆိုကြတယ်။ သူတို့ကို တွေ့ရင် လူတွေရဲ့ အရှုတွေ၊ အာရုံတွေက သူတို့ဆီပဲယိမ်းသွားကြတယ်။ လူတွေဟာ သူတို့နဲ့ ခင်မင်ရင်းနှီးချင်စိတ်တွေ ပေါက်လာပြီး သူတို့ဟာ လူတွေရဲ့ နှလုံးအိမ်မှာ နေရာယူသွားတယ်။ သူတို့ဘာလို့အဲ့လို အချစ်ခံကြရတာလဲ? တကယ်တမ်း သူတို့ကို ချစ်စေတာ သူတို့ရဲ့ပြောဆိုဆက်ဆံပုံတွေ၊ သူတို့ရဲ့ ရောင်းဝယ်ပုံတွေ၊ သူတို့ရဲ့ တွေ့ဆုံနှုတ်ဆက်ပုံတွေဖြစ်တယ်။

မိတ်ဆွေဖွဲ့ခြင်းဟာလည်း လေ့လာသင်ယူရတဲ့ အနုပညာတစ်ခုပဲ။ အဲ့ဒီအနုပညာကို သူမွန်သူမြတ်တွေက ကောင်းကောင်းသိတယ်။

အဲ့ဒီသူမွန်သူမြတ်တွေ ဆင်မြန်းထားတဲ့စာရိတ္တမွန်တွေရဲ့ အခြေခံမူက လည်း အောက်ပါ အာယတ်သ်တော်ပဲဖြစ်တယ်။

“အသင်ဟာ မကောင်းမှုကို ကောင်းမှုနဲ့ ခုခံတွန်းလှန်ပါ။ ဒါဆို ရင် အသင်နဲ့တစ်ယောက်ယောက်ကြား ရန်ငြိုးရှိနေရင်တောင် မိတ် ဆွေအရင်းတွေလို ဖြစ်လာလိမ့်မယ်”(၃၄/၄၁)

သူတို့ဟာ မိမိတို့ရဲ့နှလုံးရည်နဲ့ ၊မျိုးသိပ်တတ်တဲ့ ခွင့်လွှတ်တတ် တဲ့ အရည်အချင်းတွေနဲ့ အငြိုးအတေးတွေ၊ အမုန်းအာဃာတတွေကို မသိကျိုးကျွံပြုလိုက်ကြတယ်။ ကိုယ့်ကို မကောင်းလုပ်ထားတာတွေကို မေ့ပစ်လိုက်ပြီး အကောင်းပြုထားတာတွေကို အမှတ်ရလိုက်ကြတယ်။ သူတို့ဟာ မကောင်းတဲ့ စကားရပ်တွေကို နားထောင်တဲ့အလုပ်လည်း မ လုပ်ကြဘူး။ အဲ့လိုစကားတွေကနေ ဝေးဝေးနေကြတယ်။ ဘာလို့လဲဆို တော့ သူတို့လည်း အေးအေးဆေးဆေးပဲနေချင်ကြတယ်။ လူတွေအား လုံးကိုလည်း အေးအေးဆေးဆေးပဲနေစေချင်တယ်။ လူတွေကို စိတ် ဒုက္ခ၊ ကိုယ်ဒုက္ခ ဘာဒုက္ခမျှမပေးချင်ကြဘူး။ မဟာတမန်တော်ချုပ် ﷺ က မိန့်ထားတယ် “တခြားမွတ်စ်လင်မ်တွေကို နှုတ်နဲ့ရော လက်နဲ့ရော ဒုက္ခမပေးတဲ့သူဟာ စစ်မှန်တဲ့ မွတ်စ်လင်မ်ဖြစ်တယ်။ ထို့အတူ လူတွေရဲ့ အသက်တွေ ဥစ္စာပစ္စည်းတွေကို ရန်မမူဘဲ လုံခြုံမှုပေးတဲ့သူဟာ စစ်မှန် တဲ့မုအ်မင်န်ဖြစ်တယ်”

မြတ်တမန်တော် ﷺ အမိန့်ရှိပြန်တယ် " အလ္လာဟ်အရှင်မြတ် က ငါကိုယ်တော်ကို အဆက်ဖြတ်တဲ့သူတွေနဲ့ ပြန်လည်အဆက်ထားဖို့၊ ငါကိုယ်တော့်အား မတရားပြုသူတွေကို ခွင့်လွှတ်ဖို့နဲ့ ငါကိုယ်တော်ကို မပေးကမ်းတဲ့သူတွေကို ပေးကမ်းရက်ရောဖို့ မိန့်မှာထားတယ်။"

မုအ်မင်န်တွေဆိုတာ “ဒေါသကို ချုပ်တည်းမျိုသိပ်သူများဖြစ်ပြီးတော့ လူတွေကို ခွင့်လွှတ်သူတွေလည်း ဖြစ်ကြတယ်” (၃/၁၃၄)

အဲ့လိုအရည်အချင်းရှင်တွေဟာ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာတဲ့စည်းစိမ်ကြီးကို ရရှိကြမယ်။ ပြီးတော့ နောင်တမလွန်ဘဝမှာလည်း အလ္လာဟ်အရှင်မြတ်ရဲ့အနီးနားမှာ ကုသိုလ်အစားတွေ ရရှိမည့်အကြောင်းလည်း သတင်းကောင်းပါးထားတယ်။ “သူမွန်သူမြတ်တို့ဟာ ဥယျာဉ်များ၊ စမ်းချောင်းများတွင်ရှိကြမယ်။ တန်ခိုးတော်နဲ့ပြည့်စုံတော်မူတဲ့ဘုရင်ထံတော်ပါးမှာ မြင့်မြတ်မှန်ကန်တဲ့နေရာထိုင်ခင်းတွင် ရှိကြမယ်” (စူရဟ် ကမရ် ၅၄၊၅၅)

!!!!!

(၅) အလ္လာဟ်ပေးသလောက်ပေါ်မှာ တင်းတိမ်ရင် အသင်ဟာ အချမ်းသာဆုံးသူပဲ

ရှေ့မှာတော့ ဒီအကြောင်း တင်ပြခဲ့ပြီးပြီ။ ဒါပေမဲ့ ဒီမှာ ကျွန်တော်နည်းနည်းအကျယ်တဝင့် ထပ်ပြောချင်သေးတယ်။

မိတ်ဆွေကို အလ္လာဟ်ပေးထားတဲ့ ခန္ဓာ၊ဥစ္စာ၊နေစရာ၊ သားသမီး၊ အရည်အချင်း စတဲ့အရာတွေပေါ်မှာ တင်းတိမ်ဖို့ အရေးကြီးတယ်။ فَخُذْ مَا آتَيْتُكَ وَكُنْ مِنَ الشَّاكِرِينَ **အသင့်ကို ငါအရှင် ချီးမြှင့်ပေးထားတာတွေကို ယူပါ။ ဒါ့ပြင် အသင်ဟာ ကျေးဇူးတော်ကို သိတတ်သူတို့တွင် အပါအဝင်ဖြစ်ပါ။”** (စူရဟ်အအ်ရာဖ် ၁၄၄)

ရှေးတုန်းက ပုဂ္ဂိုလ်ကြီးတွေ၊ ပညာရှင်ကြီးတွေဟာ ဆင်းရဲတဲ့သူတွေများတယ်။ သူတို့ထံ တံစိုးလက်ဆောင်တွေလည်း မလာသလို

ထည်ထည်ဝါဝါ တိုက်တာအဆောက်အဦးတွေ၊ အစီးအနင်းတွေ၊ အစေခံတွေလည်း သူတို့မှာမရှိကြဘူး။ အဲ့ဒီလိုအခြေနေမှာတောင် သူတို့က ပတ်ဝန်းကျင်နဲ့ လူ့ဘောင်ကို အကျိုးပြုကာ ဩဇာထူထောင်နိုင်ခဲ့ကြတယ်။ အဲ့ဒါက ဘာကြောင့်လဲဆိုတော့ သူတို့ကို အလ္လာဟ်က ချီးမြှင့်ထားတဲ့ ကောင်းခြင်းအဖြာဖြာကို နည်းမှန်လမ်းမှန်နဲ့ အသုံးချလို့ပဲ။ အဲ့ဒီလို အလ္လာဟ်ချီးမြှင့်ထားတဲ့ အရာတွေကို စနစ်တကျအသုံးချတော့ အလ္လာဟ်အရှင်မြတ်က သူတို့ရဲ့သက်တမ်းတွေ၊ အချိန်တွေနဲ့ အရည်အချင်းတွေမှာ ပိုမိုတိုးပွားများပြားစေခဲ့တယ်။ သူတို့နဲ့အတူ နောက်တစ်ဖက်မှာ ပစ္စည်းဥစ္စာ၊ သားသမီး စတဲ့စည်းစိမ်အစုံ၊ ခနအပုံလိုက်ရှိတဲ့ လူချမ်းသာတွေလည်းရှိတယ်။ ဒါပေမဲ့ အဲ့ဒီပုဂ္ဂိုလ်တွေဟာ သူတို့ကို အလ္လာဟ်ချီးမြှင့်ထားတဲ့ စည်းစိမ်ဥစ္စာတွေကို နည်းမှန်လမ်းမှန်နဲ့ အသုံး မချတော့ မဟာကံဆိုးမိုးမှောင်ကျသူကြီးတွေဖြစ်ခဲ့ရတယ်။ ဒါဟာ ပိုင်ဆိုင်မှု တွေရှိတိုင်း အကုန်မဖြစ်ကြောင်းထင်ရှားပြတ်သားတဲ့ အထောက် အထားတစ်ခုပဲ။

ကမ္ဘာ့အဆင့်မီဘွဲ့လက်မှတ်တွေ ရရှိထားပြီး ကျွမ်းကျင်နားလည်မှုရှုထောင့်ကရော၊ ဩဇာထူထောင်နိုင်တဲ့နေရာမှာရော၊ သာသနာရေးရှုထောင့်ကနေရော ဘယ်နေရာကမှ သုံးမရတဲ့ ဘွဲ့ရတွေကိုလည်း မိတ်ဆွေ အမြောက်အမြားတွေ့ရလိမ့်မယ်။ အဲ့လိုပဲ အသိပညာ အနည်းငယ်ပဲရှိပြီးတော့ အဲ့ဒီနည်းနည်းလေးကိုပဲ ပတ်ဝန်းကျင် ပြုပြင်ပြောင်းလဲဖို့၊ စည်းကားသိုက်မြိုက်အောင်လုပ်ဖို့နဲ့ လူထုအကျိုးပြုဖို့ တသွင်သွင်စီးဆင်းနေတဲ့ မြစ်ကြီးတစ်စင်းအဖြစ် ပြုလုပ်လိုက်ကြတဲ့သူတွေဒုနဲ့ဒေးကိုလည်း မိတ်ဆွေတွေ့ရလိမ့်မယ်။

ဒါ့ကြောင့် မိတ်ဆွေ! အသင် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ ချင်ရင်တော့ ကိုယ့်ကို အလ္လာဟ်ပေးထားတဲ့မူရင်းပုံစံလေးကိုပဲ ကျေနပ် လိုက်ပါ။ ကိုယ့်မူပိုင် မိသားစုဘဝလေးကိုပဲ ကြည်ဖြူလိုက်ပါ။ ကိုယ့် ကိုယ်ပိုင် နားလည်းတက်မြောက်မှုလေး၊ ကိုယ့်ကိုယ်ပိုင်အသံလေးနဲ့ ကိုယ့်ကိုယ်ပိုင်ဝင်ငွေလေးကိုပဲ ကျေနပ်နှစ်သက်လိုက်ပါ။ ဒီထက်ပိုပြီး ဘဝကို အင်မတန်ခြိုးခြံချွေတာဆောက်တည်တဲ့ တချို့ဥပဇ္ဈာယ်ဆရာ တော်ကြီးတွေက “ကိုယ့်ရှိတာထက်တောင်လျော့ပြီး ကျေနပ်တင်းတိမ် ကြပါ”လို့တောင် ဆုံးမကြသေးတယ်။

လောကီဘဝကို ခြိုးခြံချွေတာဆောက်တည်ခဲ့ပြီး နာမည်ကျော် ကြားခဲ့ကြတဲ့မော်ကွန်းဝင် အကျော်အမော်ပညာရှင်ကြီးများကို တစ် ချက်လောက်ရှုစားကြည့်ပါ...

၁။ အဿွာအဲ့ဗင်န် ရဗားဟ်ဆိုတဲ့ ပညာရှင်ကြီးဟာ သူ့ခေတ်သူ့အခါ က ကမ္ဘာကျော်ပညာရှင်ကြီးတစ်ပါး ဖြစ်ခဲ့တယ်။ ဆရာကြီးရဲ့ဆံပင် ကောက်ကွေးနေတယ်။ နှာခေါင်းပြားပြီး လေးဖြန်းနေသူလူမဲ ကျွန်တစ် ယောက်လည်းဖြစ်တယ်။

၂။ အဟ်နဖ်ဗင်န် ကိုက်စ်ဆိုတဲ့ပညာရှင်ကြီးဟာ အရေဗီယားကျွန်း ဆွယ်တစ်ခုလုံးမှာ မျိုးသိပ်တရားအရှိဆုံးပုဂ္ဂိုလ်ကြီးဖြစ်တယ်။ အင်မ တန်ပိန်ပါးချည့်နဲ့သူဖြစ်တယ်။ ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာလည်း အလွန်တ ရာ သေးသွယ်ပြီး အရိုးပေါ်အရေကပ်နေသူဖြစ်တယ်။

၃။ အအ်မရှ်ဆိုတဲ့ ပညာရှင်ကြီးဟာ သူ့ခေတ်သူ့အခါက ကမ္ဘာကျော် ဟဒီးစ်ပါရဂူကြီး တစ်ဦးဖြစ်တယ်။ စက္ခုအာရုံ အားနည်းသူဖြစ်တယ်။

အင်မတန် ဆင်းရဲသူဖြစ်ပြီး စုတ်စုတ်ပြတ်ပြတ် ဝတ်စားနေထိုင်ရတယ်။

ဒီထက်ပိုတာက နဗီတမန်တော်ကြီးတွေအတော်များများ ဆိတ်ကျောင်းတဲ့သူတွေချည်းပဲ။ ဒါဝူးဒ်နဗီကြီးက ပန်းပဲဆရာဖြစ်တယ်။ နဗီတမန်တော်ကြီး ဇကရီယာသခင်က လက်သမားဖြစ်တယ်။ နဗီတမန်တော်ကြီး အစ်ဒရီးစ်က စက်ချုပ်သမားတစ်ဦးဖြစ်တယ်။ ဒီပုဂ္ဂိုလ်ကြီးတွေဟာ လက်ရွေးစင်တွေ၊ အကောင်းဆုံးလူသားတွေဖြစ်တယ်။

ဒါ့ကြောင့် မိတ်ဆွေ! အသင့်ရဲ့ တန်ဖိုးအစစ်အမှန်က အသင့်ရဲ့ အရည်အချင်းကောင်းတွေ၊ အသင့်ရဲ့ကောင်းမြင့်မြတ်တဲ့ကျင့်မူကျင့်ရပ်တွေ၊ အသင့်ရဲ့ လူ့အကျိုးသယ်ပိုးမှုတွေနဲ့ကောင်းမွန်မြင့်မြတ်တဲ့စာရိတ္တတွေပဲဖြစ်တယ်။ အသင် လက်လွတ်ဆုံးရှုံးလိုက်ရတဲ့အိမ်သူအိမ်သားတွေ၊ ဥစ္စာပစ္စည်းတွေနဲ့အလှတရားတွေအတွက် ကြေကွဲမနေပါနဲ့။ အလ္လာဟ်ပေးထားသလောက်နဲ့ပဲ ကျေနပ်လိုက်ပါ။ نَحْنُ قَسَمْنَا بَيْنَهُم مَّعِيشَتَهُمْ فِي الْحَيَاةِ الدُّنْيَا **“ငါအရှင်မြတ်ဟာ လောကီဘဝမှာ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းကိစ္စ စားနပ်ရိက္ခာကို ခွဲဝေပေးတော်မူခဲ့တယ်”။**

!!!!!

(၆) ရရာဘဝကိုပဲ လှစရာဖြစ်အောင်လုပ်ပါ

လောကီဘဝမှာတော့ သင့်ကို ခံတွင်းပျက်အောင်လုပ်မယ့်အရာတွေ၊ လောကဓံဆိုးတွေ၊ စိတ်ပျက်စရာတွေ တပုံတပင်းနဲ့ ကြုံကို ကြုံရမှာပဲ။ ဘဝဆိုတာတော့ အရောင်အမျိုးမျိုးပြောင်းတတ်တဲ့ သဘောတွေရှိတယ်။ ဒီမှာနေတဲ့သူကတော့ ပြဿနာအမျိုးမျိုး၊ ဒုက္ခအသွယ်

သွယ်နဲ့ ရင်ဆိုင်ရတာခမ္မတာပဲ။ ဖခင်တို့၊ ဇနီးတို့၊ မိတ်ဆွေသူငယ်ချင်းတို့မှာလည်း အသင်ဘဝင်မကျတာတွေရှိနိုင်သလို အိမ်၊ ရုံးခန်း စတဲ့နေရာတကာမှာလည်း အသင်စိတ်အလိုမကျတာတွေရှိမယ်။ အဲလိုနဲ့ပဲ အသင်ဟာ အများပိုင်းစိတ်ညစ်သွားလေ့ရှိတယ်။ ဒါကြောင့် ဘဝအပူတွေကို အေးတာတွေနဲ့ဖြေပေးပါ။ ဒီလောကမှာ အပူနဲ့အအေး၊ အကောင်းနဲ့အဆိုး၊ ပျော်စရာနဲ့စိတ်ညစ်စရာ စတဲ့ဆန့်ကျင်ဘက် နှစ်ခု နှစ်ခု အလ္လာဟ်အရှင်က ဖန်ဆင်းထားတယ်။ ဒါအလ္လာဟ်အရှင်ရဲ့ စီမံကိန်းပဲ။ အလ္လာဟ်အရှင်မြတ်က တစ်ရာ ရာခိုင်းနှုန်းအပြည့် ပျော်စရာတွေ၊ အကောင်းတွေချည်းရှိတဲ့နေရာကိုတော့ ဂျန္နသ်သုခဘုံအဖြစ်ပြုလုပ်လိုက်တယ်။ စိတ်ညစ်စရာ စိတ်ပျက်စရာ တွေချည်းပဲရှိမယ့်နေရာကို ဂျဟန္နမ်ငရဲဘုံအဖြစ် ပြုလုပ်လိုက်တယ်။ ဒါကြောင့် မဟာတမန်တော်ချုပ် ﷺ က အမိန့်ရှိတယ် "အလ္လာဟ်ကို သတိရတာသတာရယ် အဲဒီသတိရတာသမှုနဲ့ ဆက်နွယ်ပတ်သက်နေတဲ့အရာတွေရယ်၊ သင်ပေးသင်ယူလုပ်နေသူတွေရယ်ကလွဲလို့ လောကရော လောကထဲမှာရှိတဲ့အရာတွေရော အားလုံးဟာ ကျိန်စာသင့်ထားတဲ့အရာတွေချည်းပဲ။

ဒီတော့ မိတ်ဆွေ! ကိုယ်က ဘယ်လိုနေရာမျိုးမှာ ရှိနေတာလည်းဆိုတာကို သဘောပေါက်ပြီး လောကကြီးမှာ နေထိုင်ကျင်လည်ပါ။ အိမ်မက်တွေ စိတ်ကူးစိတ်သန်းတွေထဲမှာပဲ မနေပါနဲ့။ ကိုယ်ရထားတဲ့ဘဝလေးကိုပဲ သာယာအောင်လုပ်နေလိုက်ပါ။ ကိုယ်ရထားတဲ့ဘဝမှာပဲ နေတတ်အောင်လေ့ကျင့်ယူပါ။ လောကမှာ ဘယ်သူမှ ခြောက်ပြစ်ကင်း သဲလဲစင်ဆိုတာမရှိဘူး။ ဘယ်အရာမှ ပြည့်ဝကုံလုံသွားပြီဆိုတာလည်းမရှိဘူး။ လောကကြီးကိုက နဂိုကတည်းက အရာရာ ပြည့်ဝကုံလုံအောင်လုပ်ပေးနိုင်တဲ့ အရည်အချင်းကိုမရှိတာ။ မဟာတမန်တော်

ချူပ် ﷺ က အမိန့်ရှိတယ် (မုအ်မင်န်တစ်ဦးက မုအ်မင်န်အမျိုးသမီးတစ်ဦးကို မကောင်းမမြင်ပါလေနဲ့။ သူဟာ အဲ့ဒီအမျိုးသမီးရဲ့ အကျင့်တစ်ခုကို မကြိုက်ရင်လည်း နောက်အကျင့်တစ်ခုကိုတော့ ကြိုက်ပါလိမ့်မယ်။) ဒါ့ကြောင့် ကျွန်တော်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေ၊ ခွင့်လွှတ်မှုတွေနဲ့ တချို့ဟာတွေကို မသိလိုက်မသိပါနေပြီးတော့ပဲ ဘဝကို ကျင်လည်ဖို့အရေးကြီးတယ်။ လွယ်ကူမှုကို ဦးစားပေး ရွေးချယ်ပါ။ ခဲရာခဲစစ်တွေကို ဘေးခေါက်ထားပါ။ ခြေလှမ်းတိုင်းကို မှန်မှန်ကန်ကန်ဖြစ်အောင်လုပ်ပါ။ များစွာသော ကိစ္စတွေဟာ မသိချင်ယောင်ဆောင်ပြီး မသိလိုက်မသိပါနေလိုက်မှပဲ ကျွန်တော်တို့ဘဝ သာယာပါလိမ့်မယ်။

!!!!!

(၇) လူ့ဘဝမှာ အီမာန်က အဓိက

လောကကြီးမှာ တကယ်ကို ကံဆိုးမိုးမှောင်ကျတဲ့သူတွေဆိုတာ (အီမာန်) အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်ခြင်းနဲ့ (ယကီးန်) အဲ့ဒီ အရှင်မြတ်အပေါ် ယုံပုံအားကိုးခြင်းဆိုတဲ့ရတနာတွေနဲ့ လက်မဲ့ဖြစ်နေတဲ့ သူဆင်းရဲကျောမွဲတွေပဲ။ သူတို့ဟာ အမြဲတစေ ဆင်းရဲပင်ပန်းတဲ့ဘဝ၊ နိမ့်ပါးနုံချာတဲ့ဘဝမှာပဲ ရပ်တည်ကျင်လည်ရတယ်။ (ငါအရှင်မြတ်ရဲ့ တရားဒေသနာတော်ကနေ မျက်နှာလွှဲသူတွေဟာ ကြပ်တည်းတဲ့ အသက်မွေးမြူမှုနဲ့ ရင်ဆိုင်ရမယ်)လို့ အလ္လာဟ်အရှင်မြတ်က (စူရဟ်သွာဟာ ၁၂၄)မှာ ဆိုထားပြီးသား။

ကမ္ဘာခပ်သိမ်းကို မွေးမြူဖန်ဆင်းတော်မူတဲ့ အရှင်မြတ်ကို သက်ဝင်ယုံကြည်မှု(အီမာန်)ကပဲ နှလုံးသားကို ရွှင်လန်းချမ်းမြေ့မှုပေး

တာ။ စိတ်ကို လျှော့ဖွပ်သန့်စင်ပေးတာ။ စိတ်ညစ်စရာ စိတ်ပျက်စရာတွေ ကင်းပြီးတော့ ပျော်ရွှင်ကြည်နူးမှုတွေ ဖြစ်စေတာ။ အီမာန်ဆိုတဲ့ ရတနာကြီးကို မပိုင်ဆိုင်ထားရင် ဘဝက ဘာအဓိပ္ပာယ်မျှလည်း မရှိသလို ဘာအရသာမျှလည်းမရှိပါဘူး။

အီမာန်လက်မဲ့ဖြစ်နေတဲ့ မဟာဒိဋ္ဌိကြီးတွေတောင် ဘဝရဲ့ဝန်တွေ၊ အမှောင်တွေ၊ အချုပ်အနှောင်တွေကနေ လွတ်မြောက်ဖို့ စိတ်အသက်အသာရဖို့ အီမာန်လမ်းစဉ်ကလွဲလို့ တခြားလမ်းရယ်လို့ သူတို့မတွေ့ကြဘူး။ အီမာန်လက်မဲ့ဘဝကြီးကတော့ အင်မတန်ကံဆိုးပါပေ့။ မြေကမ္ဘာမှာ အလ္လာဟ်အရှင်မြတ် ချမှတ်ပြဋ္ဌာန်းထားတဲ့ နည်းစနစ်ကို လက်မခံ ငြင်းဆန်သူများ အင်မတန် ကံဆိုမိုးမှောင်ကျပါပေ့။ (**ငါ အရှင်မြတ်က သူတို့ရဲ့စိတ်နှလုံးတွေ၊ မျက်စိတွေကို လှည့်ပစ်တော်မူပြီး သူတို့ကို သူတို့ရဲ့ခေါင်းမာမှုထဲမှာပဲ တဝဲလည်လည် လွှတ်ထားတော်မူမယ်**)လို့ စူရဟ်အန်အာမ် (၁၁၀) မှာ မိန့်တော်မူထားတယ်။

ရာစုနှစ်ပေါင်းများစွာ ခက်ခက်ခဲခဲနဲ့ စူးစမ်းလေ့လာပြီး ဒီနေ့မှ ဦးနှောက်က ရုပ်ထုကိုးကွယ်မှုဆိုတာ လုပ်ကြံထားတဲ့ဟာ ဖြစ်တယ်ဆိုတဲ့ရလဒ်ကိုရတယ်။ ဒီနေ့မှ အလ္လာဟ်အရှင်မြတ်ကို လက်မခံတဲ့ ဒိဋ္ဌိဝါဒဆိုတာ လိမ်လည်မှုကြီးဆိုတာသိတယ်။ ဒီနေ့မှ အလ္လာဟ်အရှင်မြတ်ကို လက်မခံ ငြင်းဆန်ခြင်းဟာ ကျိန်စာသင့်စေတဲ့အရာဆိုတာ သိတယ်။ နဗီရစူလ်တွေဟာ တကယ်မှန်ကန်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်တယ်ဆိုတာ ဒီနေ့မှသိလာတယ်။ အလ္လာဟ်အရှင်မြတ် အမှန်တကယ် ရှိတော်မူတယ်၊ အလုံးစုံခပ်သိမ်းသောအရာတွေဟာ ထိုအရှင်မြတ်ရဲ့

လက်တော်ထဲမှာရှိသလို အရာရာစွမ်းနိုင်တဲ့အရှင်လည်း ဖြစ်တယ်ဆို တာ ဒီနေ့မှသိလာတယ်။

မိတ်ဆွေ အသင့်ရဲ့ အီမာန်ယုံကြည်မှုအင်အား အတက်၊ အကျ ပေါ်မူတည်ပြီးတော့ ကိုယ်စိတ်နှဖြာ ကျန်းမာချမ်းသာမှုတွေရရှိမှာ ဖြစ် တယ်။ (**ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ အီမာန်သက်ဝင်ယုံကြည် ပြီးတဲ့နောက် ကောင်းမြတ်တဲ့အကျင့်သီလတွေ ကျင့်မူခဲ့မယ်ဆိုရင် ငါ အရှင်မြတ်က သူ့အား သန့်ရှင်းစင်ကြယ်တဲ့အသက်ရှင်ခြင်းမျိုးနဲ့ အ သက်ရှင်စေတော်မူမယ်။ ကုသိုလ်အကျိုးကိုလည်း သူတို့ကျင့်မူမှုနဲ့အ ညီ ချီးမြှင့်တော်မူမယ်။**)

အလ္လာဟ်အရှင်မြတ်ရဲ့အချစ်တွေနဲ့ ရှင်လန်းနေတဲ့စိတ်တို့ မှောက်မှားထွေပြားမှု ကင်းတဲ့နှလုံးသားတို့နဲ့ နေရတာထက် သာယာတဲ့ ကောင်းမွန်တဲ့ဘဝ ဘယ်မှာရှိမှာလဲ? ဘယ်လိုပြဿနာတွေနဲ့ပဲ ရင်ဆိုင် ရ ရင်ဆိုင်ရ အမြဲငြိမ်းချမ်းနေတယ်။ အလ္လာဟ်ကို မွေးမြူဖန်ဆင်းတဲ့ အ ရှင်အဖြစ်၊ အစ္စလာမ်ကို သာသနာအဖြစ်၊ မုဟမ္မဒ်(ﷺ)သခင်ကို နဗီ အဖြစ် ယုံကြည်လက်ခံထားတဲ့သူတွေဟာ အလ္လာဟ်သတ်မှတ်ထားတဲ့ အတိုင်း ဖြစ်လာတဲ့အရာတွေကို ကြည်ကြည်ဖြူဖြူနဲ့ လက်ခံကြတယ်။ ကျေကျေနပ်နပ်နဲ့ သဘောတူကြတယ်။

!!!!!

(၈) ကိုယ်စိတ်နှစ်ဖြာကျန်းမားချမ်းသာစေတာ နမားဇ်သာ

အိုး အီမာန်သက်ဝင်ယုံကြည်သူ အပေါင်းတို့ အသင်တို့ဟာ သီး ခံတရားထားခြင်းရယ်၊ ဆွလားသ်ဆောက်တည်ခြင်းရယ်နဲ့ (အလ္လာဟ်

အရှင်မြတ်ထံတော်မှ) ကူညီထောက်ပံ့စောင်မမှုကို တောင်းခံကြပါ။ (စူရဟ် ဗကရဟ် ၁၅၃)

အသင်ဟာ စိုးရိမ်ထိတ်လန့်မှုတွေ၊ ပူဆွေးသောကတွေနဲ့ ရင်ဆိုင်ရပြီဆိုတာနဲ့ချက်ချင်း နမားဇ်ဖတ်လိုက်ပါ။ စိတ်နှလုံး ကြည်လင်ချမ်းမြေ့လာမယ်။ ဝိညာဉ်အာဟာရလည်း ပြည့်ဝလာမယ်။ အင်ရှာအလ္လာဟ် နမားဇ်ဟာ စိုးရိမ်ထိတ်လန့်မှုတွေ၊ ပူဆွေးသောကတွေ၊ စိတ်ရှုပ်ထွေးစရာတွေအစား ပျော်ရွှင်ကြည်နူးမှုတွေကို ဆောင်ကြဉ်းပေးပါလိမ့်မယ်။

ကိုယ်တော်မြတ်(ﷺ)သခင်ဟာ အရေးကြီးကိစ္စ တစ်စုံတစ်ရာပေါ်ပေါက်လာရင် မိန့်တော်မူတယ် “ အိုးဘေလားလ် ငါတို့ကို နမားဇ်အကြောင်းခံနဲ့ ဟဒယနှလုံး ရွှင်ပြုံးအောင်လုပ်စမ်းပါ”လို့ မိန့်တော်မူလေ့ရှိတယ်။ နမားဇ်က ကိုယ်တော့် မျက်လုံးအစုံကို အေးမြစေတဲ့အရာ၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေတဲ့အရာဖြစ်တယ်။

ကျနော် ပုဂ္ဂိုလ်အတော်များများရဲ့ ကိုယ်ရေးရာဇဝင်တွေ လေ့လာကြည့်တဲ့အခါ သူတို့ဟာ ဘာကြောင့်ဒုက္ခရောက်ရောက်၊ ဘာသောကဖြစ်ဖြစ် ချက်ချင်းနမားဇ်ဘက်ကို အပြေးအလွှားသွားကြတာကိုပဲ ကျနော်တွေ့တယ်။ အဲ့လိုနဲ့ သူတို့ရဲ့ အင်အားတွေ၊ သတ္တိတွေ ၊ဖွဲ့လုံ့လစတဲ့လက်ရုံးရည်ရော နှလုံးရည်ပါ တဖန်ပြန်လည် သက်ဝင်လှုပ်ရှားလာတာကိုလည်း ကျနော်မှတ်သားရတယ်။

(“ဆွလာသွလ်ခေါက်ဖ်”ဆိုတာ စစ်ပွဲတအားပြင်းထန်နေချိန်မှာ ဖရဇ်နမားဇ်တွေဆောက်တည်ခြင်းကိုခေါ်တယ်) အဲ့ဒီနမားဇ်ရဲ့ အဓိကရည်ရွယ်ချက်ကလည်း အင်မတန်စိုးရိမ်ထိတ်လန့်တဲ့အချိန်၊ အသက်

တွေ သေမင်းရဲ့ခံတွင်းဝရောက်နေချိန် စိတ်ခံတက်ကြံ့ခိုင်အောင် လုပ်ဖို့နဲ့ စိတ်တည်ငြိမ်အောင်လုပ်ဖို့အတွက် ဝတ်ပြုခိုင်းတာပဲ။

စိတ်ရှုပ်စရာ၊ စိတ်ညစ်စရာပေါင်း ၁၆၀၀၀နဲ့ ရင်ဆိုင်နေရတဲ့ ဒီခေတ်မျိုးဆက်သစ်တွေ ဗလီအကြောင်း ကောင်းကောင်းသိဖို့ လိုပါမယ်။ အဲ့ဒီစိတ်ရှုပ်စရာ စိတ်ညစ်စရာတွေအားလုံးအတွက် နမားဇ်ဟာ မဟာဖြေဆေးကြီးဖြစ်ကြောင်း မျိုးဆက်သစ်တွေ သိဖို့လိုပါမယ်။ မဟုတ်ရင် သူတို့မျက်ရည်တွေက သူတို့မျက်လုံးတွေကို လောင်ကျွမ်းပစ်လိမ့်မယ်။ စိတ်ရှုပ်ထွေးမှုတွေက အာရုံကြောတွေပါ ဖျက်ပစ်လိမ့်မယ်။ သူတို့ကို ဒီအဖြစ်ဆိုးတွေကနေ ကယ်တင်မယ့်အရာက နမားဇ်ကလွဲလို့ ဘာမှမရှိဘူး။

နေ့ည နမားဇ် ငါးကြိမ် ဝတ်ပြုခွင့်ရတာဟာ အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားတဲ့ ဆုလဒ်ကြီးတစ်ခုပဲဆိုတာ ကျတော်တို့ ဦးနှောက်နဲ့ စဉ်းစားကြည့်ရင်တောင်သိရတယ်။ အဲ့ဒီနမားဇ်တွေက ဂိုနဟ်ပြစ်မှုတွေကို ဖြေဖျောက်ပေးတဲ့အရာ၊ အလ္လာဟ်အရှင်မြတ်ထံတော်ပါးမှာ အဆင့်အတန်းတွေ မြင့်မားစေတဲ့အရာဖြစ်တယ်။ အဲ့လိုပဲ ဒုက္ခအခက်အခဲတွေ လျော့နည်းစေတဲ့အရာဖြစ်သလို ရောဂါအပေါင်းအတွက် ဆေးစွမ်းကောင်းတစ်လက်လည်းဖြစ်တယ်။ နောက်ပြီး အဲ့ဒီနမားဇ်တွေက နှလုံးသားထဲမှာ အလ္လာဟ်အရှင်မြတ်အပေါ် ယုံကြည်မှုအာဟာရတွေ ပိုမိုတိုးပွားစေပြီး အလ္လာဟ်ရှင်မြတ် သတ်မှတ်သမျှကို ကြည်ကြည်ဖြူဖြူလက်ခံတဲ့နှလုံးသားများ အဖြစ်ပြောင်းလဲပေးတဲ့အရာဖြစ်တယ်။ ဗလီတွေကိုလွှတ်၊ နမားဇ်တွေကိုစွန့်တဲ့သူတွေကတော့ ဒုက္ခတွေ တစ်ခုပြီး တစ်ခု၊ ပူဆွေးသောကတွေတစ်ခုပြီးတစ်ခုနဲ့ပဲ ရင်ဆိုင်ရတယ်။ **“သွေဗီ**

သူတို့တွင် ပျက်စီးခြင်းပဲရှိမယ်၊ ဒါ့ပြင် သူတို့ရဲ့ ကျင့်မူဆောင်ရွက်ချက်များကိုလည်း အရှင်မြတ်က အချည်းအနှီး ဖြစ်စေတော်မူမယ်”(စူရဟ် မုဟမ္မဒ် ၈)

!!!!!

(၉) အခက်အခဲဒုက္ခနဲ့အတူ လွယ်ကူမှုသုခဆိုတာရှိပါတယ်

အိုး- မိတ်ဆွေလူသား ဆာလောင်မွတ်သိပ်မှုရဲ့နောက်မှာ ဝလင်မှုဆိုတာရှိတယ်။ ရေငတ်ပြီးတဲ့နောက်လည်း ရေငတ်ပြေတယ်ဆိုတာရှိတယ်။ အိပ်ရေးပျက်ပြီးတဲ့နောက်မှာ အိပ်ရေးပြန်ဝတယ်။ နာမကျန်းဖြစ်ပြီးတဲ့နောက် ပြန်ကျန်းမာတယ်။ ပျောက်နေတဲ့သူဆိုတာလည်း မကြာခင်ပြန်တွေ့မှာပဲ။ လမ်းမှားပြီးရှာလည်နေတဲ့သူလည်း လမ်းမှန်ပြန်တွေ့မှာပဲ။ ချုပ်နှောင်မှုပြီးရင် လွတ်လပ်မှုရှိတာပဲ။ အမှောင်ပြီးရင် အလင်းဆိုတာရှိစမြဲပဲ။

ညအမှောင်ထုကြီးကို နံနက်ခင်းလာတော့မယ့်အကြောင်း သတင်းကောင်းပါးလိုက်ပါ။ ဝမ်းနည်းပူဆွေးသောက ရောက်နေတဲ့သူကိုလည်း အလင်းရဲ့အမြန်နှုန်းနဲ့ လျှပ်တပြတ်ရောက်ရှိလာမယ့် ပျော်ရွှင်မှုအကြောင်း သတင်းကောင်းပါးလိုက်ပါ။ ဒုက္ခရောက်နေသူကိုလည်း အကြင်နာတွေပြည့်နေတဲ့ လက်တစ်စုံရောက်လာမယ့်အကြောင်း သတင်းကောင်းပါးလိုက်ပါ။

မိတ်ဆွေ အသင်မှတ်ထားပါ။ သဲကန္တာရတစ်ခုက ကျယ်သတဲ့ကျယ် ကျယ်သတဲ့ကျယ်နေတယ်ဆိုရင် သေချာပေါက်သူ့နောက်မှာ စိမ်းလန်းစိုပြေပြီး သစ်ပင်ပန်းမန်တွေနဲ့အုပ်စိုင်းနေတဲ့ ဥယျာဉ်ကြီး တွေ သေချာပေါက်ရှိမယ်။

အဲ့ဒီလိုပဲ မိတ်ဆွေ ကြိုးတစ်ခုဟာ တင်းသတဲ့တင်း တင်းသတဲ့ တင်းလာပြီဆိုရင် အဲဒီကြိုးဟာ သိပ်မကြာခင် ပြတ်တော့မယ်လို့သာ မှတ်လိုက်တော့။

မျက်ရည်တိုင်းနဲ့အတူ အပြုံးတွေရှိတယ်။ ကြောက်စရာတိုင်းနဲ့ အတူ ကြည်နူးစရာတွေရှိတယ်။ တုန်လှုပ်ချောက်ချားစရာတိုင်းနဲ့အတူ စိတ်ချမ်းသာစရာတွေ ရှိတယ်။

မီးက တမန်တော်အစ်ဗ်ရာဟီးမ်ကို မလောင်ကျွမ်းနိုင်ဘူး။ ဘာ လို့လဲ အလ္လာဟ်အရှင်မြတ်က မီးကို ဗရ်ဒေါင်ဝစလာမန် "အေးမြစေ လိုက်၊ ငြိမ်းချမ်းစေလိုက်ပါ"လို့ အမိန့်ပေးပြီး တမန်တော်အိဗ်ရာဟီးမ် ﷺ ကို ကာကွယ်စောင့်ရှောက်လိုက်တယ်။

အဲ့ဒီလိုပဲ အလ္လာဟ်နဲ့စကားပြောသူဟု ကျော်ကြားတဲ့ တမန် တော်မူစာ ﷺ ကိုလည်း ပင်လယ်ကြီးက နစ်မြုပ်အောင် မလုပ်နိုင် ခဲ့ဘူး။ ဘာလို့လဲဆိုတော့ တမန်တော်မူစာ ﷺ ကလဲ တကယ်ကို ရင်ထဲအသဲထဲကနေ နှစ်နှစ်ကာကာနဲ့ အလ္လာဟ်ထံမှာ “မုချ ကျွန်ုပ်အရှင်ဟာ ကျွန်ုပ်နဲ့ အတူရှိတယ် အဲဒီအရှင်က မကြာမီ ကျွန်ုပ်ကို လမ်းမှန်ပြမှာဖြစ်တယ်” လို့ ပြောကြားခဲ့တယ်။

ကျွန်ုပ်တို့ရဲ့နှစ်ဘဝသခင် ကျေးဇူးရှင် ကိုယ်တော်မြတ်(ﷺ) ကိုယ်တော်တိုင်လည်း လှိုဏ်ဂူထဲမှာ မိမိရဲ့မိတ်ဆွေကို ဒို့နဲ့အတူ အလ္လာဟ်ရှိတယ်လို့ သတင်းကောင်းပါးခဲ့တယ်။ ဒါနဲ့ အလ္လာဟ်အရှင် မြတ်က ငြိမ်းချမ်းမှုတွေ ပျော်ရွှင်မှုတွေ အောင်မြင်မှုတွေ ချပေးခဲ့တယ်။

မျက်မှောက်ခေတ် တဒင်္ဂဒုက္ခအကျပ်အတည်းတွေရဲ့ သား ကောင်တွေ ဖြစ်နေတဲ့သူတွေ ရှိသေးတယ်။ သူတို့က သူတို့အခန်းထဲက တံတိုင်းကြီးတွေနဲ့ အိမ်တံခါးကြီးတွေကိုပဲကြည့်ပြီး ဒုက္ခ အကျပ် အတည်းတွေကလွဲပြီး ကျန်တာဘာမှ မမြင်တော့ဘူး။ အလိုနဲ့ပဲ သူတို့ဟာ မျှော်လင့်ချက်ကင်းမဲ့ပြီး စိတ်ကျရောဂါစွဲကပ်နေတဲ့သူတွေ ဖြစ်သွားကြတယ်။ သူတို့တွေသာ အုတ်တံတိုင်းတွေ လိုက်ကာတွေရဲ့ ရှေ့ကို ကျော်မြင်ကြည့်ကြရင် သိပ်ကောင်းမှာပဲ။

ဒါကြောင့် မိတ်ဆွေ စိတ်မညစ်ပါနဲ့။ ဒုက္ခအကျပ်အတည်း ဆိုတာ အမြဲတမ်းအတွက်မဟုတ်ဘူး။ အလ္လာဟ်အရှင်မြတ်ပေးမယ့် ပျော်ရွှင်မှု ချောင်လည်မှုတွေကို စောင့်မျှော်နေပါ။ အလ္လာဟ်အရှင်မြတ်ရဲ့ ရဟ်မသ်တွေ လွယ်ကူမှုတွေ ချောင်လည်မှုတွေကို စောင့်မျှော်ခြင်းက အကောင်းဆုံး အေဗာဒသ်ပဲ။

မိတ်ဆွေ နေ့ရက်တွေဆိုတာလည်း သူ့စက်ဝိုင်းနဲ့သူ လည်ပတ်သွားလာနေတာ။ ခေတ်ကာလကြီးကလည်း အမြဲပြောင်းလဲနေတာ။ ဉာဏ်အမြော်အမြင် ကြီးမားတော်မူတဲ့ အလ္လာဟ်အရှင်မြတ်ကလည်း နေ့စဉ်နေ့တိုင်း အရေးကိစ္စတစ်ခုခုကို ဆောင်ရွက်လျက်ရှိတော်မူတယ်။ ဒါကြောင့် အခက်အခဲအကျပ်အတည်းတွေပြီးရင် လွယ်ကူမှုကို အလ္လာဟ်အရှင်မြတ် မုချချီးမြှင့်မယ်လို့ မျှော်လင့်ချက်ထားပါ။

!!!!!

(၁၀) အစားက အလ္လာဟ်အရှင်မြတ်ပဲ ပေးမှာ

အကယ်၍ မိတ်ဆွေကသာ စွဗုရ် ခန္တီးတရားလက်ကိုင်ထားမယ် အလ္လာဟ်အရှင်မြတ်ထံကနေ ကုသိုလ်အကျိုး မျှော်ကိုးမယ်ဆိုရင် မိတ်ဆွေဆီက အလ္လာဟ်အရှင်မြတ် ရုပ်သိမ်းလိုက်တဲ့အရာထက် ပိုကောင်းတဲ့အရာကို အလ္လာဟ်အရှင်မြတ် အစားပြန်ပေးလေ့ ရှိတယ်။ (من أخذت حبيبته فصبر عوضته منهما الجنة) တစ်ယောက်ယောက်ရဲ့ မျက်စိကို ငါအရှင် ရုပ်သိမ်းလိုက်တဲ့အခါ ထိုသူက စွဗုရ် ခန္တီးတရားလက်ကိုင်ထားပြီး နေခဲ့တယ်ဆိုရင် ငါအရှင် သူ့ကို ဂျန္နသ် ချီးမြှင့်တော်မူမယ်"လို့ ဟဒီးစ်တော်မှာ လာရှိထားတယ်။ အဲ့ဒီလိုပဲ နောက်ထပ် ဟဒီးစ်တွေလည်း ရှိသေးတယ် "တစ်ယောက် ယောက်ရဲ့ မိတ်ဆွေကို ငါအရှင် ရုပ်သိမ်းလိုက်တဲ့အခါ သူက ခန္တီးတရား လက်ကိုင်ထားပြီးနေမယ် အလ္လာဟ်ထံကနေ ကုသိုလ်အကျိုး မျှော်ကိုးပြီး နေမယ်ဆိုရင် ငါအရှင်ဟာ သူဆုံးရှုံးသွားတဲ့ မိတ်ဆွေရဲ့အစား ဂျန္နသ် ချီးမြှင့်တော်မူမယ်"အဲ့ဒီလိုပဲ "တစ်ယောက်ယောက်ရဲ့ သားရတနာ ရုပ်သိမ်းခြင်းခံလိုက်ရတဲ့အပေါ်မှာ စဗုရ်လုပ်မယ်ဆိုရင်လည်း အဲဒီ ဆုံးရှုံးသွားတဲ့ သားရတနာအစား အလ္လာဟ်ကဂျန္နသ်မှာ 'ဗိုက်သုလ် ဟမ်ဒ်' ဆိုတဲ့ အိမ်တလုံး ဆောက်ပေးမယ် စတဲ့ဟဒီးစ်တွေ အမြောက်အမြား လာရှိထားတယ်။ ဒီဟဒီးစ်တွေကို အခြေခံပြီး နောက်လည်းမိတ်ဆွေ ကိုယ်တိုင် ဆက်ပြီး ဆင်ခြင်သုံးသပ်ကြည့်သွားပါ။ ဒါ့ကြောင့် ဘယ်ဒုက္ခရောက်ရောက် စိတ်မညစ်နဲ့စိတ်မပျက်နဲ့။ မိတ်ဆွေအတွက် ဒုက္ခသတ်မှတ်တဲ့ အရှင်ထံမှာပဲ သုခဆိုတဲ့ ဂျန္နသ်ရှိတယ်။ အဲဒီအရှင်ထံမှာပဲ အကျိုးတွေ ဆုတွေ လာဒ်တွေ အများကြီးရှိတာ။

ဒုက္ခတွေကို ခါးစည်းခံပြီး စွဗရ်ခန္တီးတရား လက်ကိုင်ထားကြတဲ့ အလ္လာဟ့်အချစ် တော်တွေဟာ ဂျန္နသ်ထဲမှာ အသံတစ်သံကြားရ လိမ့်မယ် (سَلَامٌ عَلَيْكُم بِمَا صَبَرْتُمْ فَنِعْمَ عُقْبَى الدَّارِ) "အသင်တို့ဟာ လောကီဘဝမှာ (စွဗရ်) ခန္တီးတရားထားရှိတဲ့အတွက် အသင်တို့အပေါ် ငြိမ်းချမ်းသာယာမှု အပေါင်းကျရောက်ပါစေသား။ အသင်တို့ အစား ရလိုက်တဲ့ ဂျန္နသ်ကလည်း အင်မတန်ကောင်းပါပေ့" ဆိုပြီး ဖရစ်ရှ်သာ တွေက ဩဘာပေး နှုတ်ခွန်းဆက်သကြမယ်။ ဒါ့ကြောင့် ကျနော်တို့က ဒုက္ခရောက်လာပြီဆိုရင် ပြန်ရမယ့် အသီးအပွင့်ကောင်းတွေ ရလဒ် ကောင်းတွေကို ရှေးရှုရမယ်။ ကျမ်းမြတ်ကုရ်အာန်က စိတ်ဒုက္ခပဲ ဖြစ်ဖြစ် ကိုယ်ဒုက္ခပဲဖြစ်ဖြစ် ဒုက္ခရောက်နေသူတွေကို "သူတို့အပေါ်မှာ သူတို့ကို မွေးမြူဖန်ဆင်းတဲ့ အရှင်မြတ်ထံကနေ ကောင်းချီးမင်္ဂလာတွေ မေတ္တာကရုဏာတော်တွေ သက်ရောက်မယ်။ သူတို့ပဲ ဖြောင့်မတ် မှန်ကန်တဲ့တရားလမ်းစဉ်ပေါ်မှာ ရှိတဲ့သူတွေဖြစ်တယ်လို့" ဝမ်းမြောက် စရာ သတင်းကောင်းပေးထား တယ်။

ရထားတဲ့လောကီသက်တမ်းက အင်မတန် တိုးတောင်းတယ်။ လောကီဘဏ်တိုက်ကလည်းဘာမျှ မပြောစလောက်လေးပဲ။ နောင်တ မလွန်ဘဝကပဲ အကောင်းဆုံးနဲ့ ထာဝရနေရမယ့် နေရာဖြစ်တယ်။ ဒီမှာ ဒုက္ခရောက်တဲ့သူက ဟိုမှာအစားရမယ်။ ဒီမှာ မောပန်းနွမ်းနယ်နေတဲ့ သူတွေက ဟိုမှာ အနားရကြမယ်။ လောကီကို ချစ်ခင်ဖက်တွယ်ထားသူ တွေဟာ လောကီစည်းစိမ်တွေ လက်လွှတ်ဆုံးရှုံးသွားရင် အကြီးအ ကျယ် သူတို့ ခံစားရတယ်။စိတ်ရောကိုယ်ပါဒုက္ခရောက်ကြတယ်။ ဘာလို့လဲဆိုတော့ သူတို့က လောကီစည်းစိမ်ကိုပဲ အဓိက မက်မောကြ တဲ့သူတွေဖြစ်နေလို့။ သူတို့က သူတို့ခြေထောက်အောက်မှာရှိတဲ့ ဘာမျှ

တန်းဖိုးမရှိတဲ့ ယာယီလောကီသက်တမ်းကိုပဲ မြင်ကြတယ်။ ဒါကြောင့် လောကမှာ ရင်ဆိုင်ကြုံဆုံရတဲ့ဒုက္ခတွေဟာ သူတို့အတွက် အင်မတန် ခါးသီးနေတယ်။

အိုး- ဒုက္ခရောက်နေသူမိတ်ဆွေအပေါင်းတို့ မိတ်ဆွေတို့ ဘယ် လောက်ပဲ ဆုံးရှုံးပါစေ နစ်နာပါစေ ဒုက္ခတွေ ခံစားနေရပါစေ မိတ်ဆွေ တို့အတွက် အမြတ်ချည်းအမြတ်ပဲ။ အလ္လာဟ်အရှင်မြတ်က မိတ်ဆွေ တို့အတွက် အကြင်နာ၊ မေတ္တာ၊ အစားအကျိုး ကုသိုလ်တွေနဲ့ ပြွန်း နေတဲ့ သဝဏ်လွှာတစ်စောင်ပါးထားတယ်။ {فَضُرِبَ بَيْنَهُمْ بِسُورٍ لَهُ بَابٌ بَاطِنُهُ فِيهِ الرَّحْمَةُ وَظَاهِرُهُ مِنْ قِبَلِهِ الْعَذَابُ} (သူတို့ကြားမှာ တံတိုင်းတစ်ခု စိုက်ထူပေးမယ်။ အဲ့ဒီတံတိုင်းမှာ တခါးတစ်ခုရှိမယ်။ တံခါးရဲ့ အတွင်း ပိုင်းက ကရုဏာအကြင်နာတွေရှိပြီးတော့ အပေါ်ယံအပြင်ပိုင်းမှာ ပြစ် ဒဏ်တွေရှိမယ်။) ပြောချင်တာက လောကမှာ ဒုက္ခရောက်နေသူဟာ အပေါ်ယံကြည့်ရင်တော့ ပြစ်ဒဏ်လို့ထင်ရတယ်။ တကယ်တမ်း အလ္လာဟ့်ထံမှာ အကြင်နာ ကရုဏာတွေ ရမှာဖြစ်တယ်။ အလ္လာဟ်ထံ မှာ ရမယ့်အရာပဲ အကောင်းဆုံး၊ အရသာအရှိဆုံးနဲ့ ထာဝရတည်မြဲမယ့် အရာဖြစ်တယ်။

!!!!!

(၁၁) အကောင်းအဆိုးနဖူးစာသတ်မှတ်ချက်

مَا أَصَابَ مِن مُّصِيبَةٍ فِي الْأَرْضِ وَلَا فِي أَنفُسِكُمْ إِلَّا فِي كِتَابٍ مِّن قَبْلِ أَن نَّبْرَأَهَا. جف القلم، رفعت الصحف، قضي الأمر، كتبت المقادير.

لَن يُصِيبَنَا إِلَّا مَا كَتَبَ اللَّهُ لَنَا.

ما أصابك لم يكن ليخطئك، وما أخطأك لم يكن ليصيبك.

ကမ္ဘာမြေမှာဖြစ်ဖြစ်၊ အသင့်ကိုယ်မှာဖြစ်ဖြစ် ဘယ်ဒုက္ခရောက်ရောက် အဲ့ဒီရောက်သမျှဒုက္ခတွေကို အလ္လာဟ်အရှင်မြတ်က အသင်တို့ကို မဖန်ဆင်းခင်ကတည်းက မှတ်တမ်းစာအုပ်မှာ ရေးမှတ်ထားပြီးသားတဲ့။ ငါ့အတွက် ဘာရေးထားလဲ အဲ့ဒါပဲ ဖြစ်မယ်ဆိုတဲ့ ယုံကြည်ချက်အသင့်နှလုံးသားထဲမှာ အနည်ထိုင် အမြစ်တွယ်သွားပြီဆိုရင် ဥပါဒ်မှန်သမျှကလည်း အသင့်တွက် ဆုလဒ်တွေဖြစ်သွားလိမ့်မယ်။ ဒုက္ခမှန်သမျှဟာလည်း အသင့်တွက် သုခတွေ ဖြစ်သွားလိမ်မယ်။ ဖြစ်သမျှအကြောင်း အကုန်လုံးဟာ အကောင်းချည်းပဲ။ အသင်ကျန်းမာရေးချို့တဲ့တာ၊ ပစ္စည်းဥစ္စာတွေ ဆုံးရှုံးနစ်နာတာ၊ အိမ်မီးလောင်တာ စတဲ့ဒုက္ခတိုင်းဟာ အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားလို့ပဲဖြစ်တာလို့မှတ်ယူရမယ်။ လုပ်ပိုင်ခွင့်အားလုံးဟာ အလ္လာဟ်အရှင်မြတ် လက်တော်ထဲမှာပဲ ရှိတယ်လို့ ယုံကြည်ရမယ်။ အလ္လာဟ်သတ်မှတ်လို့ဖြစ်လာတဲ့အရာပေါ်မှာ စွဗရ်လုပ်လိုက်ရင် အစားမုချရမယ်။ အလ္လာဟ်အရှင်မြတ်သတ်မှတ် ထားတဲ့သက္ကဒီးရ်ကိုငြင်းရင် ကာဖေရ်ဖြစ်မယ်။ ဒါကြောင့် ဒုက္ခရောက်နေတဲ့သူတွေ အားလုံးလည်း မင်္ဂလာယူကြပါ။ ဘာလို့လဲဆိုတော့ ဖြစ်သမျှ ခံစားရသမျှ ဒုက္ခတွေဟာ အလ္လာဟ်အရှင်မြတ်ရဲ့ အမိန့်တော်နဲ့ပဲဖြစ်နေလို့ပါ။ အလ္လာဟ်အရှင်မြတ်က

အရေးယူတဲ့အရှင်လည်း ဖြစ်တယ်။ ချီးမြှင့်ပေးကမ်းတော်မူတဲ့ အရှင်လည်း ဖြစ်တယ်။ ကျပ်တည်းအောင် လုပ်တော်မူတဲ့ အရှင်လည်း ဖြစ်တယ်။ ချောင်လည်အောင်လုပ်တော်မူတဲ့ အရှင်လည်း ဖြစ်တယ်။ အလ္လာဟ်သတ်မှတ်ထားတဲ့ သက္ကဒီးရ်ကို မယုံမချင်းကတော့ အသင့် နှလုံးသား ဘယ်တော့မှအေးချမ်းတည် ငြိမ်မှုရမှာမဟုတ်သလို ဘယ်တော့မှ အသင့်စိတ်ထဲက သံသယတွေ ဝိရောဓိတွေ ရှင်းသွားမှာ မဟုတ်ဘူး။ ဖြစ်မယ့်ဟာက ဖြစ်ကို ဖြစ်မှာပဲ။ စိတ်ဆင်းရဲမခံပါနဲ့။ အသင့်တွက် ဘာမှအကျိုးမရှိဘူး။ စီးနေတဲ့ရေတွေကို ရပ်အောင် လုပ်မယ်တို့ တိုက်ခက်နေတဲ့လေကို တားပစ်မယ်တို့ လဲတော့မယ့် တံတိုင်းကြီးကို လှမ်းထိန်းလိုက်မယ်ဆိုတာမျိုးလို လေပေါ် တိုက် ဆောက်ဖို့ ထိုင်မစဉ်းစားပါနဲ့။ ဖြစ်မယ့်ဟာက ဖြစ်ကို ဖြစ်မှာပဲ။ အဲ့ဒါကို အသင်ကြိုက်ကြိုက် မကြိုက်ကြိုက်။ ယုံယုံ၊မယုံယုံ။ ဒါကြောင့်နောင်မှ နောင်တတွေ တထွေးတပိုက်နဲ့ အော်ဟစ်ငြီးတွားနေ မယ့်အစား သက္ကဒီးရ်(နဖူးစာ)ကို အသာတကြည် လက်ခံယုံကြည်ပြီး သောကတွေ နောင်တတွေကို ဖယ်ကြဥ်လိုက်ပါ။

အသင်ဟာ အတ်စ်ဗားဗ်လို့ခေါ်တဲ့ အကြောင်းခံတွေကို ရသလောက် အသုံးချပြီး စီမံခန့်ခွဲမှုတွေလုပ်ပေမဲ့ အသင်ဖြစ်ချင်တာ ဖြစ်မလာဘူးဆိုရင်လည်း ပေါက်ကရမပြောပါနဲ့။ “အလ္လာဟ် အားလုံး လုပ်နိုင်တော်မူတဲ့အရှင်ဖြစ်တယ်။ အဲ့ဒါပဲ အလ္လာဟ်က သတ်မှတ်ထားလို့ အဲ့ဒါပဲ ဖြစ်တာလို့ပြောပါ။ ဟိုလိုလုပ်ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး ၊ ဒီလို လုပ်ရင် ဟိုလိုဖြစ်မှာမဟုတ်ဘူးဆိုတဲ့ စကားတွေမပြောပါနဲ့။ အဲလို ပြောတာဟာ ရှိုင်သွာန်အတွက် တခါးဖွင့်ပေးလိုက်တာပဲ။

!!!!!

أَمْ يَحْسُدُونَ النَّاسَ عَلَىٰ مَا آتَاهُمُ اللهُ مِنْ فَضْلِهِ

(၁၂) အလ္လာဟ်အရှင်မြတ်က မိမိကျေးဇူးနဲ့ အခြားသူတွေကို ချီးမြှင့်ထားတဲ့အရာတွေကို မနာလိုကြတာလား

မနာလိုအူတိုခြင်းဟာ အရိုးတွေကိုပါ ခလောင်းပေါက်လုပ်ပစ်မယ့် အက်စစ်အပြင်းစားနဲ့တူတယ်။ နောက်ပြီး ခန္ဓာကိုယ်တစ်ခုလုံးကို ဖြေးဖြေးချင်း လှိုက်စားပစ်မယ့် ကင်ဆာရောဂါတစ်မျိုးပဲ။ မနာလို အူတိုတဲ့သူတွေက မတရားလုပ်တဲ့သူတွေဖြစ်ပေမယ့် မတရားလုပ်ခံရတဲ့ သူပုံစံမျိုး ဟန်ဆောင်တတ်တယ်။ မိတ်ဆွေအယောင်ဆောင်ထားတဲ့ ရန်သူပဲ။ မနာလိုအူတိုခြင်းကလည်း အံ့တော့အံ့ဩစရာပဲ မနာလိုအူတိုတဲ့သူကိုပဲ အားလုံးထက်အရင် သူက အဆုံးစီရင်ပစ်တယ်။

ကျနော် မနာလိုအူတိုခြင်းကနေ မိတ်ဆွေကိုရော ကျနော့်ကိုယ်ကျနော်ပါ တားနေရတာက တခြားကြောင့် မဟုတ်ဘူး။ တခြားသူကို မသနားခင် အရင်ဆုံး ကျနော်တို့ကိုယ် ကျနော်တို့ သနားဖို့ပါ။ ဘာကြောင့်တုန်းဆိုတော့ မနာလိုတဲ့သူက စဉ်းစားရင်း တွေးတောရင်းနဲ့ ခန္ဓာကိုယ် ပိန်လှီလာတယ်။ ပူဆွေးသောကတွေ၊ မခံမရနိုင် ဖြစ်မှုတွေက သွေးတွေခြောက်အောင် လုပ်ပစ်လိုက်တယ်။ အိပ်ရေးတွေပျက်တယ်။

မနာလိုအူတိုတဲ့သူက သူကိုယ်တိုင်ပဲ မီးတွင်းတူးတယ်။ သူကိုယ်တိုင်ပဲ အဲ့ဒီတွင်းထဲ ပြုတ်ကျတာပဲ။ နောက်ဆုံး သူ့ရဲ့ မနာလိုအူတိုခြင်းကပဲ သူ့ကို မွန်းကျပ်မှု၊ စိတ်ပျက်စိတ်ညစ်မှုတွေ၊ ပူဆွေးသောကတွေ စတဲ့စိတ်ရောဂါတွေ မွေးဖွားပေးတယ်။ အဲ့ဒီစိတ်ရောဂါတွေ

ကပဲ သူ့ဘဝရဲ့သာယာလှပမှုတွေ၊ ကြည်နူးစရာတွေကို အပြီးရှင်းလင်းသုတ်သင်ပစ်လိုက်တယ်။

မနာလိုအူတိုသူရဲ့ပြဿနာက အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားတဲ့နဖူးစာကိုရန်ပြုတယ်။ အလ္လာဟ်အရှင်မြတ်ရဲ့ တရားမျှတမှုအပေါ်မှာ မကျေမနပ်ဖြစ်တယ်။ ရှရီအသ်ကို မထီမဲ့မြင်ပြုတယ်။ တမန်တော်မြတ်(ﷺ)ကို ပုန်ကန်တာပဲ။

မနာလိုအူတိုမှုဟာ မနာလိုအူတိုသူကိုယ်တိုင် ဘာအခကြေးငွေမျှမရတဲ့ အံ့ဖွယ်ရောဂါဆိုးကြီးတစ်ခုပဲ။ အဲ့ဒီလိုပဲ ဘာအကျိုးကုသိုလ်မျှမရတဲ့ မဟာဒုက္ခကြီးတစ်ခုပဲ။ နောက်ဆုံး အူတိုသူဟာ ရင်ထဲမှာ အကြီးအကျယ်လောင်ကျွမ်းရင်းနဲ့ပဲ သေသွားမယ်။ အဲ့လိုမှမဟုတ်ဆိုရင်လည်း သူကတော့ အသင့်မှာရှိတဲ့ အရည်အချင်းတွေ၊ အသင့်ကို အလ္လာဟ်ချီးမြှင့်ထားတဲ့စည်းစိမ်တွေကို အသင်မစွန့်လွှတ်မချင်း သူကျေနပ်မှာ မဟုတ်ဖူး။ သူပျော်မှာမဟုတ်ဖူး။

ကျနော်တို့ဟာ မနာလိုအူတိုသူတွေရဲ့ရန်ကနေ အလ္လာဟ့်ထံမှာ ကင်းရန်ဆုပန်ရမယ်။ မနာလိုအူတိုသူတွေက မနက်မိုးလင်းတာနဲ့ မြွေဆိုးလိုပဲ တစ်ယောက်ယောက်ကို အဆိပ်သင့်အောင် မလုပ်ရသေးရင် ဂနာမငြိမ်ဘူး။ နေမသိ ထိုင်မသာဖြစ်တယ်။

ဒါ့ကြောင့် မိတ်ဆွေ! ကျနော် မိတ်ဆွေကို မနာလိုအူတိုမှုကနေ ဝေးဝေးနေဖို့ တိုက်တွန်းချင်တယ်။ အဲ့လိုပဲ မနာလိုအူတိုသူရဲ့ ရန်ကနေ ကင်းဝေးဖို့လည်း အလ္လာဟ့်ထံမှာ အမြဲဆုပန်ပါ။ ဘာလို့လဲဆိုတော့

မနာလို အူတိုသူက အမြဲတနေရာရာကနေ ချောင်းနေတတ်တဲ့ လူသားမျိုးဖြစ် လို့ပါ။

!!!!!

(၁၃) လူမှုဘဝချိန်ခွင်

وَكَذَٰلِكَ جَعَلْنَاكُمْ أُمَّةً وَسَطًا

ငါအရှင်မြတ်ဟာ အသင်တို့ကို တရားမျှတပြီး အလယ်အလတ်ကျတဲ့ သာသနာဝင်အဖြစ် ပြုလုပ်တော်မူခဲ့တယ်။ (စူရဟ်ဗကရဟ် ၁၄၃)

အလယ်အလတ်ကျကျနေထိုင်ကျင့်ကြံတာဟာ အစ္စလာမ်သာသနာကလည်း လိုလားတောင်းဆိုထားတဲ့အချက်ဖြစ်သလို လူ့ဆင်ခြင်ဉာဏ်ကလည်း လိုလားလက်ခံထားတဲ့အချက်ဖြစ်တယ်။ အစွန်းရောက်တာ၊ လိုတာ၊ ပိုတာ၊ များတာ၊ နည်းတာတွေကို လုံးဝလက်မခံပါ။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာချင်တဲ့သူဟာ စိတ်လိုက်မာန်ပါ လုပ်တတ်တဲ့စိတ်ကို ထိန်းချုပ်နိုင်ရမယ်။ စိတ်ဆင်ရိုင်းက ဦးဆောင်တာ လိုက်မလုပ်ဖို့အရေးကြီးတယ်။ ဒါတင်မကသေးဘူး အလယ်အလတ်ကျကျ ကြည်နူးဖို့၊ ဒေါကန်ဖို့ ၊ ပျော်ဖို့၊ စိတ်ပျက်ဖို့ အရေးကြီးတယ်။ ဘယ်ကိစ္စ၊ ဘယ်ပြဿနာပဲဖြစ်ဖြစ် စိတ်လိုက်မာန်ပါနဲ့ ဖြေရှင်းတာဟာ ကိုယ့်ကိုယ်ကို ညှဉ်းပန်းနှိပ်စက်တာပဲ။ အလယ်အလတ်လမ်းစဉ်က အချိန်တိုင်းမှာ အတင့်တယ်ဆုံး အကောင်းဆုံးပဲ။ ရှရီအသ်တရားတော်က ချိန်ခွင်နဲ့အတူ ကျရောက်ခဲ့တာဖြစ်တယ်။ လူ့ဘဝဟာ တရားမျှတမှုတွေ အပေါ်မှာ အခြေတည်ထားတယ်။

အရာရာတိုင်းကို စိတ်ဆင်ရိုင်း စေရာလုပ်တဲ့သူတွေ၊ စိတ်လိုက်မာန်ပါ လုပ်တဲ့သူတွေဟာ နောက်ဆုံးမှာအမြဲ ဝမ်းနည်းပူဆွေးသောက ရောက်ကြရတယ်။ အဲ့လိုစိတ်ဆင်းရိုင်း စေရာလုပ်တဲ့သူ၊ စိတ်လိုက်မာန်ပါလုပ်တဲ့သူတွေရဲ့ ပြဿနာတွေဟာ တဖြည်းဖြည်းကြီးကြီးလာတယ်။ အဲ့လိုလူတွေအတွက်ကျတော့လည်း ဘာမျှမဟုတ်တဲ့ ကိစ္စလေးတွေတောင် အကြီးကြီးတွေဖြစ်နေတယ်။ သူတို့ရဲ့ ရန်ငြိုး၊ ရန်စွယ်တွေ၊ စိတ်ထဲမှာ ကောက်ထား တေးထားတာတွေဟာ အမြဲသူတို့စိတ်တွေထဲမှာ တိုက်ပွဲပြင်းထန်နေတယ်။ ဘာလို့လဲဆိုတော့ သူတို့ဟာ အမြဲတမ်း သံသယတွေ၊ သက်ာမကင်းဖြစ်မှုတွေ စတဲ့ပေါက်ကရ ရှစ်ဆယ်အတွေးတွေနဲ့ နေထိုင်ကျင်လည်ကြတယ်။ တချို့ဆို ဘယ်လောက်ထိထင်လည်းဆိုရင် အားလုံးက သူ့ကို ဝိုင်းဆန့်ကျင်နေကြတာ၊ ဖိနှိပ်ဖို့ကြံစည်နေကြတာဆိုတဲ့ သံသယစိတ်တွေဖြစ်ပြီး တလောကလုံးက သူ့ကို စောင့်ကြည့်နေတယ်လို့ ထင်တယ်။ ဒါ့ကြောင့် အဲ့လိုလူတွေကို အမြဲ အကြောက်တရားတွေ၊ ပူဆွေးသောကတွေက ဝိုင်းထားတယ်။

အမြဲအကြောက်တရား လွှမ်းမိုးပြီး သိမ်ငယ်စိတ်များနေခြင်းဟာ ရှရီအသ်တရားတော်က ခွင့်ပြုထားတဲ့ကိစ္စမဟုတ်သလို၊ လူ့ပင်ကိုယ်ဗီဇကလည်း အင်မတန် အောက်တန်းကျတဲ့ စိတ်ခာတ်လို့ပဲ မြင်တယ်။ အဲ့လို အကြောက်တရားတွေကြောင့် သိမ်ငယ်စိတ်များခြင်းဟာ လူတစ်ယောက်မှာရှိရမယ့်စိတ်ပိုင်းဆိုင်ရာ စံချိန်စံညွှန်းတွေနဲ့ မပြည့်မီတဲ့သူတွေ၊ အလ္လာဟ်အရှင်မြတ်ရဲ့ လမ်းညွှန်ချက်တွေနဲ့လက်မဲ့ ဖြစ်နေတဲ့သူတွေပဲအဖြစ်များတယ်။ يَحۡسَبُونَ كُلَّ صَيۡحَةٍ عَلَيۡهِمۡ **"သူတို့ဟာ ဟစ်အော်သံကြားရတိုင်း သူတို့နဲ့ဆန့်ကျင်ပြီး အော်တယ်လို့ထင်ကြတယ်"။** (စူရဟ်မုနာဖေ့ကူးန် ၄)

ဒါကြောင့် မိတ်ဆွေ! မိတ်ဆွေရဲ့ စိတ်ကို သူ့နေရာမှာသူနေပါစေ။ မိတ်ဆွေ တအားအကြောက်ကြီးပြီး မဖြစ်ခဲ့တာတွေလည်းအများကြီးပါ။ မိတ်ဆွေ ဖြစ်လာမှာကြောက်နေတဲ့ကိစ္စရဲ့ အဆိုးဆုံးပုံစံကို အရင်ဆုံး ခေါင်းထဲမှာ ပုံဖော်ကြည့်ပါ။ ပြီးရင် အဲ့ဒါကို လက်ခံရင်ဆိုင်ဖို့ ဦးနှောက်ကို အကျင့်လုပ်ပေးပါ။ အဲ့လိုနည်းနဲ့ မိတ်ဆွေရဲ့နှလုံးသား ကို တစ်စစီကြေကွဲအောင်လုပ်နေတဲ့ သံသယစိတ်တွေ၊ တွေဝေနေတဲ့စိတ်တွေ အကုန် ပျောက်သွားလိမ့်မယ်။

အိုး- အသိဉာဏ်ရှင် မိတ်ဆွေ! ကိစ္စတိုင်းကို သူ့အတိုင်းအတာနဲ့သူ အလေးပေးပါ။ ကိစ္စအဝဝ၊ ပြဿနာအသွယ်သွယ်ကို တအားပုံကြီးမချဲ့ပါနဲ့။ မျှမျှတတနဲ့ အလယ်အလတ်လမ်းစဉ်ကို လက်ခံကျင့်သုံးပါ။ ဟိုဟိုဒီဒီ လျှောက်တွေးပြီး သံသယစိတ်တွေနောက် လိုက်မပြေးပါနဲ့။ ဟာဒီးစ်တော်က အင်မတန်မျှတတဲ့ အလယ်အလတ်ကျတဲ့ အချစ်နဲ့ အမုန်းရဲ့ ချိန်ခွင်ကို တင်ပြထားတာ နားထောင်ကြည့်ပါ။

عَنْ عَلِيٍّ رَضِيَ اللهُ عَنْهُ، أَنَّهُ كَانَ يَقُولُ: " أَحْبِبْ حَبِيبَكَ هَوْنًا مَا عَسَى أَنْ يَكُونَ بَغِيضَكَ يَوْمًا مَا، وَأَبْغِضْ بَغِيضَكَ هَوْنًا مَا عَسَى أَنْ يَكُونَ حَبِيبَكَ يَوْمًا مَا ".

"အသင်ချစ်ရတဲ့သူကိုလည်း အတိုင်းအတာတစ်ခုထိပဲချစ်ပါ။ ဘာလို့လဲဆိုတာ တစ်ချိန်ချိန်မှာ သူက အသင် မုန်းရတဲ့သူဖြစ်လာနိုင်လို့ပါ။ အဲ့လိုပဲ အသင်မုန်းရတဲ့သူကိုလည်း အတိုင်းတာတစ်ခုထိပဲမုန်းပါ။ ဘာလို့လဲဆိုတော့ သူကလည်း တချိန်ချိန် အသင် ချစ်ရတဲ့သူပြန်ဖြစ်လာနိုင်လို့ပါ။"

عَسَى اللَّهُ أَنْ يَجْعَلَ بَيْنَكُمْ وَبَيْنَ الَّذِينَ عَادَيْتُمْ مِنْهُمْ مَوَدَّةً وَاللَّهُ قَدِيرٌ وَاللَّهُ غَفُورٌ رَحِيمٌ.

(အလ္လာဟ်အရှင်မြတ်ဟာ အသင်နဲ့အသင်တို့ရန်သူတွေကြားရှိ ချစ်ခင်မှုကို စီမံဖန်တီးပေးချင်ပေးတော်မူမယ်။ အလ္လာဟ်အရှင်မြတ်ဟာ အကြွင်းမဲ့စွမ်းနိုင်တော်မူတဲ့အရှင်၊ အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူတဲ့အရှင်၊ အလွန်သနားကြင်တဲ့အရှင် ဖြစ်တော်မူတယ်။ (စူရဟ် မုမ်သဟေ့နဟ်)

!!!!!

(၁၄) အလ္လာဟ်အရှင်မြတ်ဟာ ဒုက္ခသည်က တမ်းတတဲ့အခါ ပြန်ထူးတော်မူတယ်

ပူဆွေးသောက ရောက်နေတဲ့သူတွေ၊ အတိဒုက္ခရောက်နေသူတွေဟာ ဘယ်သူကို အကူအညီတောင်းကြရတာလဲ။ စကြ်ာဝဠာတစ်ခုလုံးက ဘယ်သူရဲ့ ခြေတော်ရင်းမှာ ဝပ်ဆင်းရတာလဲ။ အဖန်ဆင်းခံအားလုံးက ဘယ်သူဆီက တောင်းခံကြရတာလဲ။ အားလုံးက ဘယ်သူကိုတသပြီး နှုတ်လျှာတွေ စိုစွတ်အောင်လုပ်နေကြတာလဲ။ ဘယ်သူ့အတွက် နှလုံးသားတွေထဲမှာ သီးသန့်နေရာပေးထားရတာလဲ? အဲ့ဒါဟာ လောကကမ္ဘာကို မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်ပဲ မဟုတ်လား။ အဲ့ဒီအရှင်ကလွဲပြီး နောက်ဘယ်သူရှိမှာလဲ။

ဒါကြောင့် ကျနော်တို့ဟာ ပျော်တဲ့ချိန်မှာရော သောကရောက်တဲ့အချိန်မှာရော၊ ဒုက္ခရောက်တဲ့အချိန်မှာရော သုခတွေနဲ့အေးမြနေတဲ့အချိန်မှာရော အလ္လာဟ်အရှင်မြတ်ကိုပဲ သတိရတမ်း တရမယ်။

သောကပဲဖြစ်ဖြစ် ဒုက္ခအခက်အခဲပဲဖြစ်ဖြစ် အဲ့ဒီအရှင်ဆီကိုပဲ ကျနော်တို့ အပြေးအလွှားသွားပြီး တောင်းခံရမယ်။ အဲ့ဒီအရှင်ရဲ့ ခြေတော်ရင်းမှာပဲ ဝပ်ဆင်းပြီးတော့ အမှားဝန်ခံသူတွေအဖြစ် ရှိုရှိုကျိုး ကျိုးနဲ့ ငိုယိုတောင်းခံကြရမယ်။ ဒီနည်းနဲ့ပဲ အလ္လာဟ်ဘက်က အကူအညီတွေ၊ အလ္လာဟ်အရှင်မြတ်ပေးတဲ့ ချောင်လည်မှုတွေ အောင်မြင်မှုတွေဟာ ကျနော်တို့ဆီ ရောက်ရှိလာမှာဖြစ်တယ်။ **"အလ္လာဟ်အရှင်မြတ်ဟာ ဒုက္ခသည်က တမ်းတတဲ့အခါ ပြန်ထူးတော်မူတယ်"** ဒါ့ကြောင့် ရေနစ်နေတဲ့သူကိုလည်း အလ္လာဟ်အရှင်မြတ်ကပဲ ကယ်တင်တော်မူတယ်၊ ပျောက်နေတဲ့သူကိုလည်း အလ္လာဟ်အရှင်မြတ်ကပဲ ပြန်ပို့ပေးတယ်၊ ဒုက္ခတစ်ခုခုမှာ မျောနေတဲ့သူကိုလည်း အလ္လာဟ်အရှင်မြတ်ကပဲ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့မှုပေးတာ၊ ညှဉ်းပန်းနှိပ်စက်ခံရသူကိုလည်း အလ္လာဟ်အရှင်မြတ်ကပဲ ကူညီတာ၊ လမ်းပျောက်နေသူကိုလည်း ထိုအရှင်မြတ်ကပဲ လမ်းမှန်ပြပေးတာ၊ နာမကျန်းသူကိုလည်း ထိုအရှင်ကပဲ ကျန်းမာရေး ပြန်ကောင်းစေတာ။။

ကျနော် ဒီနေရာကနေ မိတ်ဆွေကို ပူဆွေးသောက ချုပ်ငြိမ်းစေတဲ့ဒိုအာတွေ ပြန်ကျော့မပြတော့ဘူး။ အဲဒီဒိုအာတွေကို ဟဒီးစ်စာအုပ်တွေမှာ မိတ်ဆွေတွေ့နိုင်တယ်။ ကျနော် အခုပြောချင်တာက မိတ်ဆွေ အလ္လာဟ်အရှင်မြတ်နဲ့ နှစ်ကိုယ်ကြား တီးတီးတိုးတိုး စကားပြောပါ။ အလ္လာဟ့်ဆီကပဲ တောင်းခံပြီး အလ္လာဟ့်ဆီကနေပဲ မျှော်လင့်ချက်ထားပါ။ မိတ်ဆွေ အလ္လာဟ်ကို ရသွားပြီဆိုရင် အကုန်ရသွားပြီပဲ။ အလ္လာဟ့်အပေါ်မှာ ယုံကြည်မှုအားနည်းသွားပြီဆိုရင် မိတ်ဆွေ အားလုံးဆုံးရှုံးသွားပြီလို့သာမှတ်လိုက်တော့။ အလ္လာဟ့်ထံမှာ ဒိုအာတောင်းခံခြင်းကလည်း အေဗာဒသ်တစ်ခု၊ အမိန့်နာခံမှုတစ်ခုပဲ။ ဒိုအာကောင်း

ကောင်းလုပ်တတ်တဲ့သူဟာ ဘယ်တော့မှ ပူဆွေးသောက ရောက်စရာ၊ ကြေကွဲစရာအကြောင်းမရှိဘူး။ ဘာလို့လဲဆိုတော့ အလ္လာဟ်အရှင်မြတ် ရဲ့ကြိုးကလွဲလို့ ကျန်တဲ့ကြိုးတွေ အားလုံးပြတ်သွားမှာပဲ။ အလ္လာဟ် အရှင်မြတ်ရဲ့တံခါးကလွဲလို့ ကျန်တဲ့ တံခါးတွေအားလုံး ပိတ်သွားမှာပဲ။ အလ္လာဟ်အရှင်မြတ်ပဲ အနီးဆုံးအရှင်၊ အလုံးစုံကြားတော်မူတဲ့အရှင်၊ တောင်းတာတွေကို လက်ခံတော်မူတဲ့အရှင်။ အသင်က လိုအပ်ချက် ရှိတဲ့သူ၊ တောင်းတတဲ့သူ၊ ချည့်နဲ့တဲ့သူဖြစ်လို့ အလုံးစုံပိုင်ဆိုင်တော်မူ တဲ့အရှင်၊ လိုလားတောင်းတမှုကင်းတဲ့အရှင်၊ အင်အားရှိတော်မူတဲ့ အ ရှင်က သူ့ဆီကနေ တောင်းခံဖို့ အမိန့်ပေးထားတယ် ငါ့အရှင်မြတ်ဆီက တောင်းခံ ငါ့အရှင်လက်ခံတော်မူမယ်လို့ မိန့်ထားတယ်။

အသင် ဒုက္ခတစ်ခုခုပဲ ရောက်ရောက် ပူဆွေးသောက တစ်ခုခုပဲ ဖြစ်ဖြစ် အလ္လာဟ်အရှင်မြတ်ကို ချက်ချင်း သတိရလိုက်ပါ။ အဲ့ဒီအရှင်ရဲ့ နာမတော်ကို ချက်ချင်းဟစ်ခေါ်တသလိုက်ပါ။ အဲ့ဒီအရှင်ထံကနေ အ ကူအညီတောင်းခံပါ။ အောင်မြင်မှုကိုတောင်းခံပါ။ အလ္လာဟ်အရှင်မြတ် ရဲ့ကျွန်ဖြစ်ကြောင်းပြဖို့ နဖူးကို မြေကြီးပေါ်ဦးချပါ။ လက်ကိုဖြန့်ပြီး အ ပေါ်မြှောက်လိုက်ပါ။ ပါးစပ်ကိုဖွင့်ပြီး များများတောင်းပါ။ ဒွတ်ဂျီ တိုက်ပြီးတောင်းပါ။ ပြီးရင် အလ္လာဟ်အရှင်မြတ် ကြင်နာလာတာကို စောင့်ပါ။ အရှင်မြတ်ချီးမြှင့်မယ့်အောင်မြင်မှုကို စောင့်ကြည့်ပါ။ တ ကယ် အလ္လာဟ်အရှင်မြတ်အပေါ် ယုံကြည်မှုအပြည့်နဲ့ အထင်ကောင်း အမြင်ကောင်းထားပြီး ချဉ်းကပ်ကြည့်ပါ။ မုချအသင်ဟာ ကိုယ်စိတ် နှစ်ဖြာရွှင်လန်းချမ်းမြေ့သူတစ်ဦး၊ အောင်မြင်သူတစ်ဦးဖြစ်လာမှာ မလွဲ ပါ။

!!!!!

(၁၅) မိတ်ဆွေ! ဒုက္ခကို ဖြေချပါ

မိတ်ဆွေ! အသင့်ရဲ့ပတ်လေးလည် ဘယ်မှာပဲ ကြည့်ကြည့် ဒုက္ခတစ်ခုခုရောက်နေတဲ့သူတွေပဲတွေ့ရမယ်။ အိမ်တိုင်းမှာ ငြီးငြူသံတွေ၊ ပါးပြင်တိုင်းမှာ မျက်ရည်ပေါက်တွေ၊ အရပ်တိုင်းမှာ ကျောမွဲတွေနဲ့ ပြည့်နေတယ်။ ဒုက္ခတွေများပြားသလို စွဗရဲခန္တီးတရား လက်ကိုင်ထားတဲ့သူတွေလည်း အမြောက်အမြားတွေ့ရမယ်။ အဲ့ဒီတော့ မိတ်ဆွေ! မိတ်ဆွေတစ်ယောက်တည်း ဒုက္ခရောက်နေတာ မဟုတ်ပါဘူး။ တကယ်ဆို တခြားသူတွေ ခါးစည်းခံနေရတဲ့ဒုက္ခတွေနဲ့ ပြန်ယှဉ်ကြည့်ရင် မိတ်ဆွေရဲ့ဒုက္ခက ဘာမျှမပြောပလောက်ဘူး။ နှစ်ရှည်လများကတည်းက ခံစားနေရတဲ့ဝေဒနာ နာကျင်လွန်းလို့ ကုတင်ပေါ်မှာ ဟိုလှည့်ဒီလှည့်နဲ့ အော်ဟစ်ငြီးတွားနေတဲ့ ရောဂါသည်တွေလည်း တပုံကြီး။ ထောင်သွင်း တိုက်ပိတ်ခံထားရပြီး နှစ်ပေါင်းများစွာ အရင်ကတည်းက နေကို ကိုယ့်မျက်လုံးနဲ့မမြင်ရတဲ့သူတွေ ဒုနဲ့ဒေး။ အဲဒီလိုပဲ ကိုယ့်ရင်သွေးငယ် သားသမီးလေးတွေကို ပျိုရွယ်ချိန် အရွယ်ကောင်းမှာ လက်လွတ်ဆုံးရှုံးသွားတဲ့ ဇနီးမောင်နှံတွေလည်း အမြောက်အမြားပဲ။ ဘယ်လောက်တောင် ဒုက္ခတွေ ပတ်လည်ဝိုင်းနေတဲ့ လောကကြီးလဲ။

အဲ့ဒီတော့ မိတ်ဆွေ! အခု အသင်ဟာ သူတို့ကို ကြည့်ပြီး ကိုယ့်စိတ်ကိုဖြေဖို့ အချိန်တန်ပြီ။ အဲလိုပဲ ဒီလောကီသက်တမ်းဟာ မုအ်မင်န်အတွက် ထောင်သဖွယ်ဖြစ်ကြောင်း၊ ဒုက္ခပေါင်း၊ စိတ်ညစ်စရာပေါင်း ၁၆ဂဂဂ နဲ့ရင်ဆိုင်ရမယ့်စခန်းတစ်ခုဖြစ်ကြောင်း၊ တထစ်ချ အသင်ယုံကြည်လက်ခံဖို့ အချိန်တန်ပြီ။ နောက်ပြီး ဒီလောကကြီးမှာ မနက်ပိုင်း

စည်းကားသိုက်မြိုက်ပြီး ခန့်ညားထည်ဝါနေတဲ့ အိမ်ဖြူတော်နန်းတော်ကြီးတွေဟာ ညနေမှာ ပြောင်သလင်းခါသွားလေ့ရှိတယ်ဆိုတာလည်း မိတ်ဆွေ တကယ် ယုံယုံကြည်ကြည်နဲ့ နှလုံးသွင်းထားလိုက်တော့နော်။

အိမ်မှာလည်းမိသားစုလူစေ့တတ်စေ့ပဲ။ အားလုံးကျန်းမာရေးတွေလည်း ဒေါင်ဒေါင်မြည်ပဲ။ ပိုင်ဆိုင်မှုတွေကလည်း နည်းတာမဟုတ်ဘူး။ အဲ့ဒီလို အကုန်ပြည့်စုံနေရဲ့နဲ့ ရုတ်တရက် ကုန်းကောက်စရာမရှိအောင် မွဲတေသွားကြတယ်၊ ရုတ်တရက်သေခြင်းတရားနဲ့ ရင်ဆိုင်လိုက်ကြရ တယ်၊ ရုတ်တရက် ရောဂါတွေဝင်လာတယ်။

وَتَبَيَّنَ لَكُمْ كَيْفَ فَعَلْنَا بِهِمْ وَضَرَبْنَا لَكُمُ الْأَمْثَالَ

“ငါအရှင်မြတ် သူတို့ကို ဘယ်လို ပြုလုပ်တော်မူခဲ့တာလဲဆိုတာ အသင်တို့ရှေ့မှာ ထင်ရှားပြီးပါပြီ။ ဒါ့ပြင် ငါအရှင်မြတ်ဟာ အသင်တို့အကျိုးရှိဖို့ ဥပမာ ပုံဆောင်ချက်များကိုလည်း ခိုင်းနှိုင်းပြတော်မူခဲ့တယ်။”

ဒါကြောင့် မိတ်ဆွေက မယွင်းသောဖွဲ့နဲ့ ကြွံကြွံခံရပ်တည်မယ့် စိတ်ဓာတ်မျိုးနဲ့ နေဖို့အရေးကြီးတယ်။ ကိုယ့်ဒုက္ခကို ကိုယ့်ဘေးပတ်လေးလည်မှာရှိတဲ့သူတွေ၊ ကိုယ့်အရင် စခန်းသိမ်းသွားတဲ့သူတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် “သူတို့နဲ့ယှဉ်ရင် ကိုယ်က တော်သေးပါလား” ဆိုတာ မိတ်ဆွေ အထင်းသားမြင်လာလိမ့်မယ်။ ဒါ့ကြောင့် ကိုယ့်ကို အလ္လာဟ်အရှင်မြတ်က သေးသေးမွှားမွှား ဒုက္ခလေးတွေပဲ ပေးထားတဲ့အပေါ် အလ်ဟမ်ဒုလစ်လာဖတ်ပါ။ အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်ပါ။ ကိုယ်ခံရတဲ့ဒုက္ခကိုလည်း အလ္လာဟ့်ထံကနေ ပြန်ရမယ့်

အစားကို မျှော်ကိုးပါ။ ဘေးပတ်လည်ကိုလည်း ကြည့်ပြီး ကိုယ့်ကိုယ်ကို ဖြေသိမ့်ပါ။

မိတ်ဆွေစံပြုစရာ ကိုယ်တော်မြတ် (ﷺ)ရှိတာပဲ။ ကိုယ်တော့် ကျောကုန်းတော်ပေါ် မစင်တွေအတင်ခံရတယ်။ မျက်နှာတော်ကနေ ခြေဖဝါးထိ သွေးသံရဲရဲ ကျခဲ့တယ်။ လှိုဏ်ထဲမှာ ထည့်ပြီး အစာရေစာ ဖြတ်ခံရတော့ သစ်ရွက်တွေစားခဲ့ရတယ်။ မက္ကာဟ်ကနေ အနှင်ခံခဲ့ ရတယ်။ ရှေ့သွားတော် တွေမြေခဲ့တယ်။ ကိုယ်တော့်ချစ်ဇနီးရဲ့သိက္ခာ ကို ပုတ်ခတ်ထိုးနှက် တာခံရတယ်။ ကိုယ်တော့်နောက်လိုက် တပည့် တပန်း ၇၀ ကျော်(ရှဟီးဒ်များအဖြစ်)အသတ်ခံလိုက်ရတယ်။ သား တစ်ယောက်နဲ့ သမီးအများပိုင်းကို ကိုယ်တော်မြတ် (ﷺ) သက်ရှိ ထင်ရှားရှိနေတုန်းမှာပဲ လက်လွှတ်ဆုံးရှုံးခဲ့ရတယ်။ ဆာလွန်းလို့ ဗိုက် မှာ ခဲတွေချည်ခဲ့ရတယ်။ ကဗျာဆရာ၊ မှော်ဆရာ၊ အရူး၊ ဗေဒင်ဆရာ၊ လူလိမ် စတဲ့အမျိုးမျိုး ယိုးစွတ်သမုတ် တာကိုခံခဲ့ရတယ်။ ဒါပေမဲ့ အလ္လာဟ်အရှင်မြတ်က အမျိုးမျိုးစမ်းသပ်ပြီး နောက် အောင်မြင်မှုတွေ အလီလီ ချီးမြှင့်ခဲ့တယ်။

ကိုယ်တော့်အရင်ကလည်း တမန်တော်ဇကရီယာ ﷺ ရှဟီးဒ်အ ဖြစ်အသတ်ခံရတယ်။ တမန်တော်ယဟ်ယဟ် ﷺ လည်လှီးခံခဲ့ရတယ်။ တမန်တော်မူစာ ﷺ ဒုက္ခပေးခံရတယ်။

!!!!!

(၁၆) အလ္လာဟ်အရှင်မြတ်ဟာ ယုံပုံအားကိုးရာ အကောင်းဆုံးအရှင်မြတ်ပင် ဖြစ်တော်မူတယ်

အလ္လာဟ်အရှင်မြတ်ကို ယုံပုံအပ်နှံတာ၊ အရှင်မြတ်အပေါ် အားကိုးတာ၊ အရှင်မြတ်ပြုထားတဲ့ ကတိတော်တွေကို ယုံကြည်တာ၊ အရှင်မြတ်ကို အကောင်းမြင်တာ၊ အရှင်မြတ်ရဲ့ စီရင်ဆုံးဖြတ်ချက်တွေကို ကျေနပ်တာ၊ အရှင်မြတ်ထံကနေ ပြေလည်ချောင်ချိမှုတွေ လွယ်ကူမှုတွေကို မျှော်လင့်စောင့်ဆိုင်းတာ စတဲ့အရာအားလုံးဟာ အီမာန်သက်ဝင်ယုံကြည်မှုကပေးတဲ့ အသီးအပွင့်ကောင်းတွေဖြစ်သလို စစ်မှန်တဲ့ အီမာန်သက်ဝင်ယုံကြည်သူ(မုအ်မင်န်)တွေရဲ့ အရည်အချင်းကောင်းတွေပဲ။ ကျေးကျွန်ဟာ အဆုံးကောင်းမယ်လို့ စိတ်ချလက်ချနဲ့ ယုံကြည်မယ်၊ အခြေနေတိုင်းမှာ သူ့ကို မွေးမြူဖန်ဆင်းတော်မူတဲ့အရှင်မြတ်အပေါ် ယုံပုံအားကိုးမယ်ဆိုရင် အလ္လာဟ်အရှင်မြတ်ရဲ့ အကူအညီတွေ၊ ထောက်ထားသက်ညှာမှုတွေ ရရှိမှာပဲ။ တမန်တော်အစ်ဗ်ရာဟီးမ် ﷺ သခင် မီးထဲအထည့်ခံရတော့ "**အလ္လာဟ်အရှင်မြတ်ဟာ ယုံပုံအားကိုးရာ အကောင်းဆုံးအရှင်မြတ်ပင် ဖြစ်တော်မူတယ်**"လို့ တမန်တော် အစ်ဗ်ရာဟီးမ် ﷺ က မိန့်တော်မူခဲ့တယ်။ အဲဒီတော့ အလ္လာဟ်အရှင်မြတ်က တမန်တော် အစ်ဗ်ရာဟီးမ် အပေါ်မှာ ငြိမ်းချမ်းအေးမြမှုအပေါင်း ခညောင်းစေတော်မူခဲ့တယ်။ အဲ့ဒီလိုပဲ ကျတော်တို့ရဲ့ ချစ်နဗီ (ﷺ) နဲ့ သာဝကြီးတွေကို ကာဖစ်ရ်စစ်တပ်တွေက အလုံးအရင်းနဲ့ ခြိမ်းခြောက်တော့ "**အလ္လာဟ်အရှင်မြတ်ဟာ ယုံပုံအားကိုးရာ အကောင်းဆုံး အရှင်မြတ်ပင် ဖြစ်တော်မူတယ်။ ဒါနဲ့သူတို့ဟာ (ယုံကြည်စိတ်ချစွာဖြင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် ထွက်ခဲ့ကြပြီးနောက်) ဘာအန္တရာယ်မျှ ထိရောက်ခြင်းမရှိဘဲ အလ္လာဟ်ချီးမြှင့်တဲ့**

စည်းစိမ်များအပြင် အထူးကျေးဇူးတော်နဲ့တကွ ပြန်ခဲ့ကြတယ်။ အမှန်တကယ် သူတို့ဟာ အလ္လာဟ်အရှင်မြတ် နှစ်သက်မှုကို လိုက်နာ ပြုလုပ်ခဲ့ကြတယ်။ အလ္လာဟ်အရှင်မြတ်ဟာ အတိုင်းမရှိ ကြီးကျယ် လှတဲ့ ကျေးဇူးတော်ရှင်ဖြစ်တော်မူတယ်”။ (စူရဟ် အာလေ့အင်မ်ရာန် ၁၇၄)

လူသားက သူတစ်ဦးတည်း ပြဿနာတွေကို မဖြေရှင်းနိုင်သလို ဒုက္ခ၊ အခက်အခဲတွေကိုလည်း မရင်ဆိုင်နိုင်ဘူး။ ဘာလို့လဲဆိုတော့ လူသားဟာ သူ့ပင်ကိုယ်ဗီဇကိုက ချည့်နဲ့နုံချာသူအဖြစ် ဖန်ဆင်းခံထား ရတာ။ ဒါပေမဲ့ အဲဒီလူသားဟာ အလ္လာဟ်အရှင်မြတ်ကို အပြည့်အဝ ယုံပုံအားကိုးမယ် ၊ ကိစ္စဟူဟူသရွေ့ကို အလ္လာဟ့်ထံ အပြီးအပိုင် ပုံ အပ်မယ်ဆိုရင် အားလုံးကို ရင်ဆိုင်အန်တုနိုင်သွားမယ်။ အဲ့လိုမှမဟုတ် ရင် ဒီချည့်နဲ့နုံချာတဲ့လူသားဟာ သူ့ကို ပတ်လည်ဝိုင်းထားတဲ့ ဒုက္ခအ ခက်အခဲအမှောင်ကို ဘယ်လိုနည်းနဲ့ ဖြိုခွင်းနိုင်မှာလဲ။ “**အသင်တို့ဟာ အကယ်၍ မုအ်မင်န်သက်ဝင်ယုံကြည်သူများ ဖြစ်ကြပါလျှင် အလ္လာဟ် အရှင်မြတ်အပေါ်မှာပဲ ယုံကြည်စိတ်ချအားထားကြလေကုန်**” (စူရဟ် မာအေဒဟ် ၂၃)

ဒါ့ကြောင့် မိတ်ဆွေဟာ ကိုယ့်ကိုယ်ကို အကောင်းလိုလား စေ တနာထားတယ်ဆိုရင် လိုအပ်ချက်အပေါင်းကနေ ကင်းစင်တော်မူတဲ့ အရှင်၊ အင်မတန်အားအင်ရှိတော်မူတဲ့အရှင်၊ စွမ်းအားကို ပိုင်ဆိုင်တော် မူတဲ့အရှင်၊ အလွန်တရာတောင့်တင်း ကြံ့ခိုင်တော်မူတဲ့အရှင် အပေါ်မှာ ပဲ ကိစ္စအဝဝကို ယုံပုံအားကိုးလိုက်ပါ။ အဲ့လို ယုံပုံအားကိုး လိုက်ရင် အရှင်မြတ်က မိတ်ဆွေကို အတိဒုက္ခပေါင်းစုံနဲ့အခက်အခဲအကျပ်အ တည်း အလုံးစုံကနေ ကယ်တင်လိုက်လိမ့်မယ်။

“အလ္လာဟ်အရှင်မြတ်ဟာ ယုံပုံအားကိုးရာ အကောင်းဆုံးအရှင်ပင်ဖြစ်တော်မူတယ်”ဆိုတဲ့ အာယတ်သ်တော်ကို သင့်ဘဝရဲ့ ဆောင်ပုဒ်အဖြစ်ပြုလုပ်လိုက်ပါ။ မိတ်ဆွေရဲ့ဥစ္စာပစ္စည်းတွေ နည်းလာတာပဲဖြစ်ဖြစ်၊ အကြွေးတွေတင်နေလို့ပဲဖြစ်ဖြစ်၊ ဝင်ငွေနည်းနေလို့ပဲ ဖြစ်ဖြစ်၊ ရန်သူတွေ၊ ညှဉ်းပန်းနှိပ်စက်သူတွေကို ကြောက်ရွံ့စိုးရိမ်တဲ့ အခါဖြစ်ဖြစ် حَسْبُنَا اللّٰهُ وَنِعْمَ الْوَكِيلُ လို့သာဟစ်အော်တာသလိုက်ပါ။

!!!!!

(၁၇) မိုးမြေမက ကျယ်ပြောလှတဲ့ သုခဘုံကို ရင်မှာ စွဲငင် မှတ်မြင်ကြည့်ပါ

လောကီဘဝမှာ အသင်ဟာ တစ်ခုခုကို လိုလားတောင်းတနေရင်ပဲဖြစ်ဖြစ်၊ သောကဗျာပါရတွေ များနေရင်ပဲဖြစ်ဖြစ်၊ နာမကျန်းဖြစ်နေရင်ပဲဖြစ်ဖြစ်၊ ရပိုင်ခွင့်တစ်ခုခု ဆုံးရှုံးလို့ပဲဖြစ်ဖြစ်၊ မတရားအလုပ်ခံရလို့ပဲဖြစ်ဖြစ် စတဲ့ပြဿနာတစ်ခုခုနဲ့ရင်ဆိုင်ရရင် ထာဝရနေရမယ့် ဂျန္နသ်သုခဘုံကို သတိရလိုက်ပါ။ မြင်ကြည့်လိုက်ပါ။ မိတ်ဆွေ အဲ့လိုသာလုပ်ကြည့် မိတ်ဆွေရဲ့ ဆုံးရှုံးနစ်နာမှုတွေဟာ အကျိုးအမြတ်တွေအသွင်ပြောင်းသွားလိမ့်မယ်။ ဥပါဒ်တွေဟာ ဆုလာဒ်တွေအဖြစ် ပြောင်းသွားလိမ့်မယ်။ တမလွန်ဆိုတာ ထာဝရတည်မြဲမယ့် အကောင်းဆုံးနေရာဖြစ်တယ်။ ဆိုတော့ ဉာဏ်ကြီးရှင်တွေဆိုတာ တမလွန်အတွက် ကျင့်ကြံရှာမှီးထားတဲ့သူတွေပဲ။

တုံးပါပွေ့ မိုက်ပါပွေ့ဆိုတဲ့လူတွေဟာ ဒီလောကီဘဝကို ထာဝရနေထိုင်စံမြန်းရာ စခန်းလို့မြင်ကြတယ်။ သူတို့မျှော်လင့်ချက်အပေါင်းခညောင်းရာတော်ဝင်နန်းတော်ကြီးလို့မှတ်ယူကြတယ်။ အဲ့လိုလူတွေ

ကို လောကမှာ ခလုတ်ထိတိုင်း အကြီးအကျယ် နားကြည်းခံစားရတဲ့ သူတွေအဖြစ် မိတ်ဆွေတွေ့ရလိမ့်မယ်။ ပြဿနာတွေနဲ့ ရင်ဆိုင်ရတိုင်း နောင်တကြီးကြီးရတဲ့သူတွေအဖြစ် မိတ်ဆွေ သူတို့ကို တွေ့ရလိမ့်မယ်။ ဘာလို့လဲဆိုတော့ သူတို့ဟာ ဒီသေးသိမ်နုံချာပြီး မတည်မြဲတဲ့ လောကီ ဘဝကလွဲလို့ တခြားဘာမှ မသိကြဘူး။ အဲ့ဒီဘဝကလွဲပြီး တခြားဘာ ကိုမှ မစဉ်းစားသလို တခြားဘာအတွက်မှလည်း မကြိုးပမ်းကြဘူး။ သူတို့ရဲ့ပျော်ရွှင်ကြည်နူးမှုတွေ ပျက်ပြားကုန်မှာကို လုံးဝမလိုလားကြ ဘူး။ သူတို့နှလုံးသားမှ တွယ်ကပ်နေတဲ့ သံချေးတွေကျွတ်ကျ သွားပြီး တော့ သူတို့မျက်လုံးအစုံမှာ ဖုံးလွှမ်းနေတဲ့ အသိတရားမဲ့မှုရဲ့ တိမ် သလ္လာတွေကွာကျသွားရင်တော့ ထာဝရတည်မြဲမယ့် ဌာနေအကြောင်း တွေ၊ အမြဲစံမြန်းရမယ့်သုခဘုံ တော်ဝင်နန်းဆောင်တွေအ ကြောင်းတွေ ကို သူတို့ကိုယ်တိုင် ဖွင့်ဟပြောကြားလာကြလိမ့်မယ်။

အဲ့ဒီအချိန်ကျမှ ကျမ်းမြတ်ကုရ်အာန်က တင်ပြထားတဲ့ ဂျန္နသ် သုခဘုံရဲ့ ကြန်အင်လက္ခဏာတွေကို သူတို့နားထောင်ပြီး သဘော ပေါက်နားလည်ကြလိမ့်မယ်။ အဲ့ဒီတော့မှ သူတို့ဟာ ဒီလိုနေရာဌာနမျိုး အတွက် တကယ်ပဲဒုက္ခခံ၊ အပင်ပန်းခံပြီး အပတ်တကုတ် ကြိုးပမ်းအား ထုတ်ရမှာပါလားဆိုပြီး အလ္လာဟ်အရှင်မြတ်ရဲ့နာမတော်ကို တိုင်တည် ပြီး ရုတ်တရက်ပြောထွက်ကြလိမ့်မယ်။

သုခဘုံသူ သုခဘုံသားတွေဟာ နာမကျန်းလည်းမဖြစ်ဘူး။ စိတ် လည်းမညစ်ဘူး။ သေကြေပျက်စီးတာလည်းမရှိဘူး။ ပျို့ရွယ်မှု ပျက် ပြားတာလည်းမရှိသလို အဝတ်အစားတွေဟောင်းနွမ်းတာ စုပ်ပြတ်တာ လည်း ရှိမှာမဟုတ်ဘူး။ သူတို့ဟာ အတွင်းကနေ အပြင်ကို အပြင်

ကနေ အတွင်းကို ရှင်းရှင်းလင်းလင်းမြင်ရတဲ့ အခန်းတွေထဲမှာ နေထိုင်စံမြန်းရမယ်။ အဲ့ဒီအခန်းတွေထဲမှာ ဘယ်နား ဘယ်မျက်စိမှ မမြင်ဘူး မကြားဘူးတဲ့အရာတွေ၊ ဘယ်တုန်းကမှ ဘယ်လူသားမှ စိတ်ကူးမယဉ်ဘူးတဲ့အရာတွေရှိတယ်။ ဂျန္နသ်ရဲ့အပင်တစ်ပင်ရဲ့ အရိပ်က အစီးအနင်းနဲ့ နှစ်တစ်ရာကြာအောင်နှင်လည်း မဆုံးဘူး။ အဆောင်တစ်ဆောင်ရဲ့ အရှည်က မိုင် ၆၀ ခရီးရှည်တယ်။ မြစ်ချောင်း အင်းအိုင်တွေဟာ တသွင်သွင်စီးဆင်းနေတယ်။ နန်းတော်တွေဟာလည်း ခန့်ညားထည်ဝါနေတယ်။ မြင့်မားတဲ့အေးကုတင်တွေလည်းရှိတယ်။ မီးအိုးတွေကလည်း အနှံ့ခင်းပြီးသား။ သောက်ရေခွက်တွေကလည်းအဆင်သင့်။ ပျော်စရာ၊ ဖိမ်ခံစရာ အားလုံးစုံသွားပြီ။ လိုတရဘဝကိုရသွားပြီ။

ဒါတွေကို စဉ်းစားတွေးတောဖို့ ကျတော်တို့ရဲ့ ဦးနှောက်တွေ၊ အာရုံတွေ ဘယ်တွေမှာရောက်နေပါလိမ့်။

နောက်ဆုံးစခန်းက တမလွန်စခန်းဆိုတာသေချာနေရင် ဒုက္ခရောက်နေတဲ့သူတွေ၊ ကြေကွဲနေတဲ့သူတွေ၊ လိုအပ်ချက်ရှိနေတဲ့သူတွေဟာ ဘာပူဆွေးသောကမှ ဖြစ်နေစရာကိုမလိုဘူး။ တမလွန်ဘဝမှာ ပျော်စရာတွေ တဝရမယ်ဆိုပြီး ပျော်တောင်ပျော်နေရမှာ။ ဒါကြောင့် ဆင်းရဲတွင်းနက်နေသူတွေ၊ ဒုက္ခအခက်အခဲတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေဟာ ဂျန္နသ်သုခဘုံမှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့နေရဖို့ ကောင်းမွန်မြင့်မြတ်တဲ့ အကျင့်သီလတွေကို များများကျင့်ဆောင်ထားကြရမယ်။

سَلَامٌ عَلَيْكُم بِمَا صَبَرْتُمْ فَنِعْمَ عُقْبَى الدَّارِ **"အသင်တို့ဟာ ဒီလောကီဘဝမှာ ခန္တီးတရားထားပြီး တည်တံ့ကြံ့ခိုင်စွာရှိခဲ့ကြတဲ့အတွက် ငြိမ်းချမ်းသာယာမှုအပေါင်း အသင်တို့အပေါ် ကျရောက်ပါစေသား။ အသင်**

တို့ စံစားကြရမည့်အကျိုးဟာ အလွန်ကောင်းမြတ်လှပါပေ့”လို့ ကောင်းကင်တမန်တွေက နှုတ်ခွန်းဆက်သကြမယ်။

!!!!!

(၁၈) အောင်မြင်မှု သရဖူရဲ့အစ စွဗရ်ခန္တီးတရားက

စွဗရ်ခန္တီးတရားဟာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေ အမြဲဆင်မြန်းထားလေ့ရှိတဲ့ စာရိတ္တမွန်တွေထဲကတစ်ခုဖြစ်တယ်။ သူတို့ဟာ စိတ်ကြိုက်မဖြစ်တာတွေ၊ စိတ်နဲ့မတိုက်ဆိုင်တာတွေစတဲ့ ခါးသီးမှုတွေကို သဘောထားကြီးကြီးနဲ့ စိတ်အားသတ္တိတွေမွေးပြီးတော့ခါးစည်းခံကြတယ်။ မိတ်ဆွေလည်း ခန္တီးတရားလက်ကိုင်မထားဘူး၊ ကျတော်လည်း ခန္တီးတရားလက်ကိုင်မထားဘူးဆိုရင် ကျနော်တို့ ဘယ်လို နေကြမလဲ။ မိတ်ဆွေဆီမှာ စွဗရ်ခန္တီးတရားအပြင် ပြဿနာတွေကို ဖြေရှင်းဖို့ တခြားဖြေရှင်းစရာနည်းလမ်းရှိလို့လား? တခြားနည်းပေးလမ်းညွှန် ပြုစရာရှိလို့လား။

ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးအကြောင်း ကျနော်ဖတ်ရတယ်။ သူဟာ ဒုက္ခအခက်အခဲပေါင်း ၁၆၀၀၀ လားရာ ပစ်မှတ်ဖြစ်ခဲ့တယ်။ ဒုက္ခအခက်အခဲတွေ တစ်ခုပြီး တစ်ခုကျရောက်ရာ ရင်ပြင် ဖြစ်ခဲ့တယ်။ ဒါပေမဲ့လည်း သူဟာ အလ္လာဟ်အရှင်မြတ်အပေါ် ယုံပုံအားကိုခြင်းနဲ့ ခန္တီးတရားကို ဒိုင်းသဖွယ် အသုံးပြုပြီး အဲဒီဒုက္ခအခက်အခဲ မီးပင်လယ်ကို ဖြတ်ကျော်ခဲ့တယ် ။ သူမွန်သူမြတ်တွေကတော့ ဒီလိုပဲ ကျင့်ကြံနေထိုင်ခဲ့ကြတယ်။

သာဝကကြီး အဗူဘကရ် ﷺ နာမကျန်းဖြစ်တော့ လူတွေက သခင်ကြီးထံလာပြီး ကျနော်တို့ သခင်ကြီးအတွက် ဆရာဝန်ခေါ်ပေးရ မလားလို့မေးခဲ့တယ်။ “ဆရာဝန်တော့လာကြည့်သွားပြီ”လို့ သာဝကြီး အဗူဘကရ် ﷺ သခင်ကမိန့်တော်မူလိုက်တယ်။ ဒါနဲ့လူတွေက “ဆရာ ဝန်က ဘာလမ်းညွှန်သွားလဲ”လို့ မေးကြတော့ “ငါ့စိတ်ကြိုက်နေဖို့ ပြောသွားတယ်”လို့ သာဝကကြီး အဘူဗကရ် ﷺ သခင်က ဖြေကြားခဲ့ တယ်။

စွဗရ်က အလ္လာဟ်အတွက်ပဲဖြစ်ရမယ်။ ဒီဒုက္ခအခက်အခဲကနေ တစ်ချိန်ချိန်လွတ်မြောက်မှု ရကိုရမယ်ဆိုတဲ့ ယုံကြည်ချက်အပြည့်အဝ ရှိတဲ့ စွဗရ်မျိုးဖြစ်ရမယ်။ နောက်ပြီး အဆုံးရလဒ်ကောင်းတွေကို မျှော် လင့်ရင်း အလ္လာဟ်အရှင်မြတ်ထံက ရရှိမယ့်အကျိုးစဝါဗ်ကိုလည်း မျှော် လင့်တောင်းတရမယ်။ အဲ့လိုပဲ စွဗရ်ဟာ ကိုယ်လုပ်ခဲ့တဲ့ ပြစ်မှုတွေကို ချေပစ်မယ့်အရာဖြစ်မယ်လို့ရည်စူးရမယ်။ ဘယ်လောက်ပဲ ကြမ်းတမ်း ခက်ခဲတဲ့ ဘေးဗလာဒုက္ခတွေနဲ့ ရင်ဆိုင်နေရပါစေ စွဗရ်ခန္တီးတရားကို လက်ကိုင်ပြုထားပါ။ စွဗရ်ရှိရင် သေချာပေါက် အကူအညီရှိမယ်။ ကြပ်တည်းမှုနဲ့အတူ ချောင်ချိမှုဆိုတာရှိစမြဲပဲ။ အခက်အခဲတိုင်းနဲ့အတူ လွယ်ကူမှုဆိုတာရှိမြဲပဲ။

ကျနော်ဒိတ်ဒိတ်ကြဲပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတွေ အကြောင်း တော်တော်များများဖတ်ရတယ်။ သူတို့ရဲ့ခန္တီးတရားတွေ၊ ခံနိုင်ရည်တွေ၊ စိတ်အားသတ္တိတွေကိုမြင်ပြီး ကျနော်အံ့သြမှင်သက် ဖြစ်ခဲ့ရတယ်။ ဒုက္ခအခက်အခဲတွေက သူတို့အပေါ် မိုးရွာသလိုကျနေတဲ့ အချိန်မှ သူတို့ဟာ အမှန်တရားအတွက် မလျော့တဲ့ဇွဲ၊ မယွင်းတဲ့ သန္နိဋ္ဌာန်တွေနဲ့

တောင်တွေလို ကြွံကြွံခံ ရပ်တည်ခဲ့ကြတယ်။ သိပ်မကြာပါဘူး အလ္လာဟ်အရှင်မြတ်ဘက်ကနေ သူတို့အတွက် အကူအညီ မိုးတွေ ရွာသွန်းဖြိုးခဲ့တယ်။ ဒုက္ခအခက်အခဲ အမှောင်ထုကြီးကို ပျော်ရွှင်ကြည်နူးမှုတွေ ပေးမယ့်အရုဏ်ဦးအလင်းတန်းက ဖြိုခွင်းပစ်တယ်။ အဲ့ဒီလိုနဲ့ သူတို့ဟာ အောင်မြင်မှုသရဖူတွေ ဆောင်းခဲ့ကြတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေဟာ စွဗရ်ခန္တီးတရားတစ်ခုတည်း လက်ကိုင်ပြုရုံတောင်မဟုတ်ဘူး ပြဿနာပေါင်းစုံကို ရင်ဆိုင်အန်တုပြီးတော့ ဒုက္ခအခက်အခဲဆိုတာတွေကို စိန်တောင်ခေါ်ခဲ့ကြသေးတယ်။

!!!!!

(၁၉) ကမ္ဘာတစ်ခွင် လှည့်လည်လျှင် တရားလည်းရ ကျန်းမာလှ

ကမ္ဘာတစ်ခွင် လှည့်လည်သွားလာတာ၊ လေ့လာရေးခရီးထွက်တာတွေဟာ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေပြီး ပူဆွေးသောကဟူဟူသမျှကို အစအနပါမကျန်အောင် ခါချပစ်တဲ့အရာတွေဖြစ်တယ်။ မိတ်ဆွေ! ကမ္ဘာလုံးဆိုင်ရာကျမ်းကြီးဖြစ်တဲ့ ကျမ်းတော်မြတ် ကုရ်အာန်ကို ဖတ်ရှုလေ့လာကြည့်ပါ။ အဲ့ဒီထဲမှာ အရှင်မြတ်က ကမ္ဘာမြေမှာရှိတဲ့ မိမိရဲ့တန်ခိုးတော်သက်သေလက္ခဏာတွေကို ဘယ်လိုအလှတန်ဆာဆင်ပြီးမိန့်ထားသလဲ မိတ်ဆွေတွေ့ရလိမ့်မယ်။ အင်မတန် စိတ်ကြည်နူးစရာကောင်းတဲ့ ဥယျာဉ်တွေ၊ တအားစွဲမက်စရာ ကောင်းလောက်အောင် လှပတင့်တယ်တဲ့ ပန်းဥယျာဉ်တွေနဲ့ ပူးကပ်ထပ်နေတဲ့စိမ့်မြိုင်တောတွေ စတဲ့ ဥဒဟာနလုံးကို ရွှင်ပြုံးကြည်နူးစေမယ့် စာပန်းချီတွေကို တွေ့ရလိမ့်မယ်။ အိမ်ကနေ ခဏထွက်ပြီး အသင့်ပတ်လေးလည်ကို နည်းနည်းရှုစားကြည့်ပါအုံး။ တောင်တွေပေါ်တက်ပြီး လျှိုတွေထဲ

ဆင်းကြည့်ပါ။ အပင်တွေပေါ်တက်ကြည့်ပါ။ အင်မတန် ကြည်လင်သန့်ရှင်းတဲ့စိမ့်ရေ၊ စမ်းရေလေးတွေ လက်တစ်ခုပ်လောက် ယူသောက်ကြည့်ပါ့လား။ စံပယ်ပန်းတွေပေါ် နှာခေါင်းလေးတင်ကြည့်ပါ့လား။ အဲ့ဒီအချိန်ကျမှ မိတ်ဆွေဟာ ဝေဟင်မှာ မြူးတူးတွန်ကြူး ဝဲပျံနေတဲ့ ငှက်တွေလို စိတ်လွတ် ကိုယ်လွတ်နဲ့ စိတ်ကြည်နူးမှုတွေကို အပြည့်အဝ ခံစားရလိမ့်မယ်။ ဒါကြောင့် မိတ်ဆွေ! မိတ်ဆွေရဲ့ မျက်လုံးအစုံကနေ တပ်ထားတဲ့ မျက်မှန်အမဲကို ချွတ်ပြီးတော့ အိမ်ပြင်ခဏ ထွက်လိုက်စမ်းပါ။ ပြီးရင် အလ္လာဟ့်နာမတော်တသသနဲ့ ကမ္ဘာမြေတစ်ခွင် လှည့်လည်ရှုစားကြည့် စမ်းပါ။

ကိုယ့်ကို အဆုံးစီရင်ပစ်မယ့် အလုပ်လက်မဲ့အချိန်တွေနဲ့အတူ အခန်းထဲမှာ တစ်ယောက်တည်း ငေါင်နေတာဟာ အင်မတန်အောင်မြင်နေတဲ့ ကိုယ့်ကိုယ်ကို သေကြောင်းကြံနည်းတစ်မျိုးပဲ။ မိတ်ဆွေရဲ့ အခန်းလေးက ကမ္ဘာကြီးမဟုတ်သလို မိတ်ဆွေ တစ်ယောက်တည်းက လည်း လူတွေအားလုံး မဟုတ်ပါဘူး။

ဒါဆို မိတ်ဆွေက ဘာလို့အလကားနေရင်း ပူဆွေးသောကတွေ၊ စိတ်ရှုပ်စရာတွေရဲ့ ရှေ့မှာ လက်နက်ချ ဦးညွှတ်နေရတာလဲ။ မိတ်ဆွေ တစ်ချက်လောက် မျက်စိကို ဖွင့်ကြည့်ပြီး နားကိုစွင့်ကြည့်ပါ။ ပြီးရင် အလ္လာဟ်အရှင်မြတ်က မိတ်ဆွေကို ဦးတည်ပြောထားတဲ့အမိန့်ကို နှလုံးသားနဲ့ အဖြေပေးလိုက်ပါ။

“အသင်တို့ဟာ ပေါ့ပါးသွက်လက်နေရင်ပဲဖြစ်ဖြစ်၊ လေးလံထိုင်းမှိုင်းနေရင်ပဲဖြစ်ဖြစ် ကိုယ့်အိမ်တွေကနေ ကိုယ်ထွက်ကြပါ” (စူရဟ် သောက်ဗဟ် ၄၁)

မိတ်ဆွေ! လာစမ်းပါ။ ကျနော်တို့ မြစ်၊ ချောင်း၊ အင်း၊ အိုင်တွေနဲ့ ကျေးငှက်သာရကတွေရဲ့ကြားမှာ ကျမ်းမြတ်ကုရ်အာန် ရွတ်ဖတ်ကြရအောင်။ ကျေးငှက်သာရကတွေကလည်း အချစ်တေးတွေ သီဆိုကြူးရင့်နေသလို ရေတွေကလည်း တောင်တန်းတွေကို သူတို့အတွက် ထွက်လမ်းပေးဖို့ အစီရင်ခံနေကြတယ်။ ကမ္ဘာတစ်ခွင် လှည့်လည်သွားလာတာ၊ လေ့လာရေးခရီးထွက်တာတွေဟာ စိတ်ဖိစီးမှုခံစားနေရတဲ့ ဝေဒနာရှင်တွေ၊ စိတ်ရှုပ်ထွေး ကျဉ်းကျပ်နေတဲ့သူတွေအတွက် အင်မတန်ထိရောက်မှုရှိတဲ့ ဆေးစွမ်းကောင်း တစ်လက်ဖြစ်တယ်လို့ ဆရာဝန်တွေ ဒေါက်တာတွေတောင် ပြောကြတယ်။

ကဲ လာမိတ်ဆွေ! ကျနော်တို့ ခရီးတွေ ပတ်ထွက်ပြီး ပျော်ကြရွှင်ကြရင်း စဉ်းစားတွေးတောကြရအောင်...

(وَيَتَفَكَّرُونَ فِي خَلْقِ السَّمَاوَاتِ وَالْأَرْضِ رَبَّنَا مَا خَلَقْتَ هَذَا بَاطِلًا سُبْحَانَكَ)

“သူတို့ဟာ အာကာသကောင်းကင်ဘုံတွေနဲ့ ကမ္ဘာမြေကို ဖန်ဆင်းမှုနဲ့ပတ်သက်ပြီး စဉ်းစားဆင်ခြင်ခဲ့ကြတယ်။ ပြီးတော့အိုး- ကျတော်မျိုးတို့ရဲ့အရှင် ၊ အရှင်မြတ်ဟာ ဒီဖန်ဆင်းထားတဲ့အရာတွေကို အ ချည်းအနှီး ဖန်ဆင်းထားတာမဟုတ်ပါ။ အလ္လာဟ်အရှင်မြတ်ဟာ ချို့တဲ့ မှုတွေကနေ ကင်းစင်တော်မူပါတယ်။” (စူရဟ်အာလေ့အင်မ်ရားန်၁၉၁)

!!!!!

(၂၀) အသစ်တဖန် ပျော်ရွှင်ကြည်နူးစရာ ဘဝဆီ ဒို့လှမ်းချီ

ဘာမှမဟုတ်တဲ့သေးသေးမွှားမွှားကိစ္စလေးတွေကြောင့် ကြေကွဲနေတဲ့သူတွေ ဒုနဲ့ဒေး တွေ့နေရတာ စိတ်မကောင်းစရာ!

မုနာဖစ်က် မုစ်လင်မ်အရေခြုတွေရဲ့ ပြောညှံ့သိမ်ဖျင်းတဲ့ စကား တွေကို တစ်ချက်လောက် ကြည့်ကြည့်စမ်းပါ..................

وَقَالُوا لَا تَنْفِرُوا فِي الْحَرِّ "ဒီလောက် ပြင်းထန်တဲ့ အပူရှိန်မှာ နေအိမ်က မထွက်ကြနဲ့" أْذَنْ لِي وَلَا تَفْتِنِّي "ကျနော့်ကို အိမ်မှာ နေခွင့်ပေးပါ။ ကျတော့်ကို မဖျက်စီးပါနဲ့" إِنَّ بُيُوتَنَا عَوْرَةٌ "ကျနော်တို့ အိမ်တွေဟာ အမှန်တကယ် လုံခြုံမှုမရှိပါ"။ نَخْشَى أَنْ تُصِيبَنَا دَائِرَةٌ "ကျနော်တို့ဟာ ကျနော်တို့အပေါ် မတော်တဆ ဘေးအန္တရာယ်တစ်ခုခု ကျရောက်လာ မှာကိုစိုးရိမ်တယ်"။ مَا وَعَدَنَا اللَّهُ وَرَسُولُهُ إِلَّا غُرُورًا "အလ္လာဟ်နဲ့အလ္လာဟ် ရစူလ်ဟာ ကျနော်တို့ကို ဖြားယောင်းခြင်းကလွဲလို့ ဘာမျှကတိမပေးခဲ့ဘူး"။

ဘယ်လောက်တောင် စိတ်ဓာတ်ပျော့ညံ့သိမ်ဖျင်းတဲ့ စကားတွေလည်းကြည့်ပါအုံး! သူတို့ရဲ့ဦးတည်ရာက ဝမ်းဗိုက်၊ အဆောင်အယောင်နဲ့ တိုက်တာအဆောက်အဦးတွေပဲ။ မိုးကောင်းကင်ပေါ်က မြင့်မားတဲ့အဆင့်အတန်းတွေဆီ သူတို့အာရုံတောင် မရောက်ဘူး။ အကျိုးကျေးဇူးကြယ်စင်တွေကို သူတို့အိပ်မက်တောင် မမက်ဖူးဘူး။ သူတို့အာရုံ သူတို့အတွေးက အစားအသောက်၊ အဝတ်အစားနဲ့အစီးအနင်းတွေဆီမှာပဲရှိတယ်။ လူတော်တော်များများ ကြေကွဲနေရတဲ့ အကြောင်းရင်းတွေကို မိတ်ဆွေ လိုက်ကြည့်ကြည့်ရင် ဇနီး၊ သားသမီး၊ ဆွေမျိုးသားချင်းစတဲ့ တစ်ယောက်ယောက်နဲ့ ပြဿနာတက်ပြီး ဝမ်းနည်းပတ်လက်ဖြစ်နေတာကိုပဲတွေ့ရမယ်။ အဲ့လိုမှ မဟုတ်ရင်လည်း နားမခံသာစရာ တစ်ခုခုကြားလိုက်ရလို့ ဝမ်းနည်းပက်လက်ဖြစ်နေတာ ဖြစ်ချင်ဖြစ်မယ်၊ ဘာ

မဟုတ်တဲ့ကိစ္စလေးတစ်ခုကြောင့် ဝမ်းနည်းပက်လက်ဖြစ်နေတာ ဖြစ်ချင်ဖြစ်မယ်။ ဒီလိုလူတွေရဲ့ ဒုက္ခတွေက ဒါတွေပဲ။ သူတို့ဆီမှာ တခြားမွေ့လျော်နေရမယ့် ရည်ရွယ်ချက် ကြီးကြီးမားမား ဘာမျှ မရှိကြဘူး။ အားချိန်မရဘဲ အချိန်ပြည့် အကျိုးရှိစေမယ့် တာဝန်ကြီးကြီးမားမားရယ်လို့လည်း သူတို့မှာဘာမျှမရှိဘူး။ "ရေပြည့်နေတဲ့ အိုးထဲကနေ ရေထွက်သွားပြီဆိုရင် အဲ့ဒီအိုးထဲ လေဝင်သွားတာပဲ"လို့ လူတွေပြောကြတယ်။ လုပ်သင့်တာတွေမလုပ်ရင် မလုပ်သင့်တာတွေလုပ်ရတာပဲ။ ဖြစ်သင့်တာတွေ ဖြစ်အောင်မလုပ်ရင် မဖြစ်သင့်တာတွေ ဖြစ်လာတာ ဓမ္မတာပဲ။

ဒါဆိုရင် အသင် အရေးပေးနေတဲ့ကိစ္စ၊ အသင်အချိန်ပေးနေတဲ့ကိစ္စဟာ ဘယ်လောက်အရေးပေးဖို့လိုမလဲ၊ ဘယ်လောက်အင်အားစိုက်ထုတ်ဖို့လိုမလဲ၊ ဘယ်လောက် အပင်ပန်းခံဖို့လိုမလဲဆိုတာ မိတ်ဆွေစဉ်းစားသုံးသပ်ပါ။ ဘာလို့ အဲ့ဒီလို စဉ်းစားသုံးသပ်ဖို့ လိုတာလဲဆိုတော့ မိတ်ဆွေက အဲ့ဒီအလုပ်အတွက် ကိုယ့်အသိဉာဏ်တွေ၊ ကိုယ့်သွေး၊ ကိုယ့်အသားတွေ၊ ကိုယ့်နားချိန်တွေ၊ ကိုယ့်အချိန်တွေကို ပေးဆပ်ထားရလို့ပဲ။ မမယ်တဲ့အရာတွေကို အဲ့ဒီလို အရင်းအနှီးအများကြီးရင်းမယ်ဆိုရင် မိတ်ဆွေက မဟာအရှုံးနဲ့ ရင်ဆိုင်လိုက်ရတာပဲ။ "အရာတိုင်းကို ဆင်ခြင်ဉာဏ်က လက်ခံနိုင်တဲ့အတိုင်းအတာထိပဲထားပါ"လို့ စိတ်ပညာရှင် တွေကပြောတယ်။ အဲ့ဒီထက်ပိုမှန်တာက အလ္လာဟ်အရှင်မြတ်ရဲ့ လမ်းညွှန်ချက်ပဲ။ "အလ္လာဟ်အရှင်မြတ်ဟာ အရာတိုင်းကို အတိုင်းအတာ အချိန်အဆ တစ်ခုပြုလုပ်ထားတော်မူတယ်" (စူရဟ်သွလားက် ၃)

မိတ်ဆွေ! အရာတိုင်းကို သူ့အတိုင်းအတာနဲ့သူ အလေးပေးပါ၊ တန်ဖိုးထားပါ။ လိုတိုးပိုလျော့မလုပ်ပါနဲ့။ အစွန်းမရောက်ပါနဲ့။ ဟိုဒိုင်ဗီယဟ်မှာတုန်းက ချစ်နဗီရဲ့လက်တော်ပေါ်မှာ စွဟာဗဟ်တွေအားလုံး သစ္စာခံခဲ့ကြတယ်။ အားလုံးဟာ ချစ်နဗီရဲ့ လက်တော်ပေါ်မှာ သစ္စာခံဖို့ပဲ လုံးပန်းနေကြတယ်။ ဒါပေမဲ့ အဲ့ဒီစွဟာဗဟ်တွေထဲက တစ်ပါးက မိမိကုလားအုတ်ကိစ္စ လုံးပန်းနေရင်း ချစ်နဗီရဲ့ လက်တော်ပေါ်မှာ သစ္စာခံတဲ့ အစီအစဉ်မှာ ပါဝင်ခွင့်မရလိုက်ဘူး။ စွဟာဗဟ်တွေအားလုံး အခွင့်ထူးတွေ ဆွတ်ခူးခဲ့ကြပေမယ့် အဲ့ဒီစွဟာဗဟ်တစ်ပါးဟာ အခွင့်ထူး အခွင့်ကောင်းကို လက်လွတ်ဆုံးရှုံးခဲ့ရတယ်။ ဒါ့ကြောင့် မိတ်ဆွေ! တကယ်လို့သာ အသင်ဟာ ဘာမှျမမယ်တဲ့ ကိစ္စတွေနောက် ငန်းငန်းတက် လိုက်တာကို စွန့်လွှတ်လိုက်မယ်ဆိုရင် အသင့်ရဲ့ ပူဆွေးသောကတွေ အများပိုင်း ကင်းဝေးပြီးတော့ သင့်ဘဝမှာ ပျော်ရွှင်ကြည်နူးမှုတွေ အသစ်တဖန် ပြန်လည်သက်ဝင်လှုပ်ရှားလာမှာမလွဲပါ။

!!!!!

(၂၁) ကမ္ဘာ့ပြဿနာတွေ အကုန်လုံးကို မိတ်ဆွေခေါင်းပေါ် တင်မထားပါနဲ့

လူတော်တော်များများဟာ အိပ်ရာပေါ်မှာ အိပ်နေပေမယ့်လည်း သူတို့နှလုံးသားတွေထဲမှာ ကမ္ဘာ့စစ်ကြီးအမြဲတမ်းဖြစ်နေတယ်။ နောက်ဆုံး အဲ့ဒီစစ်ကြီးလည်းပြီးရော သူတို့ဟာ အစာအိမ်ရောဂါတွေ၊ ဆီးချို၊ သွေးချိုနဲ့သွေးတိုးရောဂါတွေကို စစ်သုံ့ပန်းအဖြစ် ရလိုက်ကြတယ်။ သူတို့က ပြဿနာတိုင်းနောက်လိုက်ပြီး ပူဆွေးကြေကွဲကြတယ်။ ကုန်စျေးနှုန်းတက်လည်း ဒေါသဖြစ်ကြတယ်။ မိုးရွာနောက်ကျ

လည်း ဆူပူသောင်းကျန်းကြတယ်။ ငွေဈေးကျလည်း ငြီးငြူမြည်တမ်းကြတယ်။ သူတို့ဟာ အမြဲတမ်းနေမသိထိုင်မသာ ဒုက္ခနဲ့မခံချိမခံသာ ဖြစ်နေတဲ့ ဘဝမှာပဲနေကြတယ်။ يَحْسَبُونَ كُلَّ صَيْحَةٍ عَلَيْهِمْ **"သူတို့ဟာ ဟစ်အော်သံကြားရတိုင်း သူတို့နဲ့ဆန့်ကျင်ပြီး အော်တယ်လို့ ထင်ကြတယ်"။** (စူရဟ်မုနာဖေ့ကူးန် ၄)

ကျွန်တော် မိတ်ဆွေကို စိတ်ရင်းစေတနာအမှန်နဲ့ တစ်ခုပြောမယ် "တစ်ကမ္ဘာလုံးကို မိတ်ဆွေရဲ့ခေါင်းပေါ်မတင်ပါနဲ့။ ပြဿနာတွေကို မြေပေါ်မှာပဲပစ်ထားလိုက်ပါ။ မိတ်ဆွေရဲ့အူတွေအသဲတွေထဲ ကောက်မထည့်ပါနဲ့။ တချို့လူတွေမှာ၊ ဖွသတင်း၊ ဖြန့်သတင်းမှန်သမျှကို စုပ်ယူတက်တဲ့ဖော့တုံးလို နှလုံးသားတွေလည်းရှိတယ်။ သူတို့ဟာ သေးသေးမွှားမွှားကိစ္စလေးတွေကိုလည်း အကြီးအကျယ် ပူဆွေးသောက ဖြစ်ကြသလို မမယ်တဲ့ပျော်စရာလေးတွေကိုလည်း အရှုံးအမှုံး မြှုပ်စေ့လေ့ရှိကြတယ်။ ကိစ္စတိုင်းမှာ တုန်လှုပ်ချောက်ချားကြတယ်။ နေမသိထိုင် မသာဖြစ်တယ်။ အဲ့ဒီလိုနှလုံးသားတွေကပဲ နောက်ဆုံး သူတို့ဘဝကို ဖျက်ပစ်လိုက်တာပဲ။

သံဝေဂတရားတွေနဲ့ ဆုံးမစကားတွေဟာ အမှန်တရားဘက်တော်သား စိတ်အားသတ္တိရှင်တွေရဲ့ အီမာန်သက်ဝင်ယုံကြည်မှုအင်အားကို ပိုမိုတိုးပွားစေပြီးတော့ စိတ်ဓာတ်ပျော့ညံ့ပြီး သွေးမရှိတဲ့သူတွေအတွက်တော့လည်း ခလုတ်ထိတိုင်း အကြောက်တိုးလာကြတယ်။ ဒုက္ခမီးပင်လယ်တွေဆိုတာတော့ စိတ်အားသတ္တိရှင်တွေပဲ ကျော်ဖြတ်နိုင်တယ်။ ဘာကိုမှုမမှုဘဲ ရဲရဲဝံ့ဝံ့နဲ့ တိုက်ပွဲဝင်ရဲတဲ့သူပဲ လောကစံ အန္တရာယ်တွေနဲ့ကစားနိုင်တယ်။ အဲ့လိုလူတွေဟာ လက်ရုံးရည်၊ နှလုံး

ရည်အပြည့်ရှိပြီးတော့ သွေးအေးအေးနဲ့ ကြံ့ကြံ့ခံ ရင်ဆိုင်အန်တုတဲ့ သူတွေဖြစ်တယ်။ သူရဲဘော်ကြောင် သွေးကြောင်တဲ့သူတွေခင်ဗျာက တော့ ဖွသတင်းတွေ၊ မျှော်လင့်ချက်တွေ၊ အိပ်မက်တွေ၊ စိတ်ကူးတွေ စတဲ့ခါးအသွယ်သွယ်နဲ့ နေ့စဉ်အသတ်ခံနေကြရတယ်။

ဒါ့ကြောင့် မိတ်ဆွေ! အသင်ဟာ တည်ငြိမ်တဲ့ဘဝကို လိုချင်တယ်ဆိုရင်တော့ လောကဓံဆိုးတွေကို ရဲရဲဝံ့ဝံ့နဲ့ ရင်ကော့ပြီးတော့ ရင်ဆိုင်ပါ။ وَلَا يَسْتَخِفَّنَكَ الَّذِينَ لَا يُوقِنُونَ မယုံကြည်သွေဖည်သူတွေက အသင့်ကို သိမ်းမခံနိုင်အောင်လုပ်ဖို့ အခွင့်သာအောင်လုပ်မပေးနဲ့။

وَلَا تَكُ فِي ضَيْقٍ مِمَّا يَمْكُرُونَ အသင်ဟာ သူတို့ရဲ့ လျှို့ဝှက်ကြံစည်မှုတွေကြောင့် စိတ်မဆင်းရဲပါနဲ့။

အသင်ဟာ ပြဿနာတွေရဲ့ ပြင်းထန်မာကြောမှုထက် ပိုမို ကြံ့ခိုင်မာကြောတဲ့သူမျိုးဖြစ်ပါ။ အင်မတန်ကြမ်းတမ်းပါတယ်ဆိုတဲ့ မုန်တိုင်းတွေထက် ပိုမိုတောင့်တင်းကြမ်းတမ်းတဲ့သူမျိုးဖြစ်ပါ။ စိတ်ခါတ်ပျော့ညံ့တဲ့သူတွေဟာ အင်မတန်သနားဖို့ကောင်းပါပေ့။ ဘယ်လောက်တောင် သူတို့ကိုလောကဓံက အရုပ်ကြိုးပြတ်လုပ်ပလိုက်လဲ မသိဘူး နော်။ وَلَتَجِدَنَّهُمْ أَحْرَصَ النَّاسِ عَلَى حَيَاةٍ **လောကမှာ သူတို့ဟာ သက်ရှိထင်ရှား ရှိနေဖို့ကို တခြားသူတွေထက် ပိုမိုမက်မောသူတွေဖြစ်တာကို အ သင်မုချတွေ့ရလိမ့်မယ်။**

ကြံ့ကြံ့ခံရပ်တည်ရင်ဆိုင်ကြတဲ့ စိတ်အားသတ္တိရှင်တွေနဲ့အတူ အလ္လာဟ်အရှင်မြတ်ရဲ့ အကူအညီတွေရှိတယ်။ فَأَنْزَلَ السَّكِينَةَ عَلَيْهِمْ **အလ္လာဟ်အရှင်မြတ်ဟာ သူတို့အပေါ်မှာ စိတ်တည်ငြိမ်မှုကို ချပေးတော်မူခဲ့တယ်။**

(၂၂) သံပုရာသီးကနေ သံပုရာဖျော်ရည် လုပ်ယူလိုက်ပါ

ထက်မြက်တဲ့ဉာဏ်ပညာရှိတွေဟာ အရှုံးတွေကို အမြတ်ဖြစ်အောင်ပြောင်းလဲယူကြသလို တုန်းပါပွေ့ဆိုတဲ့ လူ့ငမိုက်သားတွေကျတော့လည်း ဒုက္ခတစ်ခုကို နှစ်ခုဖြစ်အောင် လုပ်ယူလေ့ရှိကြတယ်။

မြတ်နဗီဟာ မက္ကာဟ်ကနေ အနှင်ခံရတော့ မဒီနာကို ကြွသွားပြီး ဂန္ဓဝင်မှာ စံတင်တဲ့အင်ပါယာတစ်ခုကို ထူထောင်ခဲ့တယ်။ အေမာမ် အဟ်မဒ်သခင်ဟာ ထောင်သွင်းအကျဉ်းချခံရ၊ ကြိမ်ဒဏ်အရိုက်ခံရပြီးနောက်မှာ အဲဟ်လေ့စွန္နသ်ရဲ့ အေမာမ်ကြီးဖြစ်ခဲ့တယ်။ အေမာမ် အစ်ဗ်နေ့သိုင်မီယဟ်သခင်ဟာ ထောင်ထဲကနေ ပညာ့ရတနာသိုက်ကြီး တစ်ခုပါယူခဲ့တယ်။ အေမာမ်စရခ်စီက ရေတွင်းထဲထည့်ပြီး အပိတ်ခံရပေမယ့် သူနဲ့အတူ ဖေကဟ်အစ္စလာမ့်ဓမ္မသတ်ကျမ်းပေါင်း ၂၀ ကျော်ပါလာခဲ့တယ်။ အစ်ဗ်နေ့အဆီးရ်ဟာ နေအိမ်အကျယ်ချုပ်ချခံရတော့ جامع الأصول والنهايه ဆိုတဲ့ ဟဒီးစ်ပညာရပ်မှာ အကျော်ကြားဆုံးနဲ့ အဖိုးတန်ဆုံးကျမ်းခိုင် ကျမ်းဂန်နှစ်စောင်ကို ရေးသားပြုစုခဲ့တယ်။ အစ်ဗ်နေ့ဂျောင်ဇီသခင်ဟာ ဘဂ်ဒါးဒ်ကနေ ပြည်နှင်ဒဏ် ပေးခံရပြီးတဲ့နောက် စဗ်အကေရာအသ်ကို သင်ယူခဲ့တယ်။ မာလစ်က်ဗင်န်ရီးဗ်က အဖျားအ လွန်အကျံတက်ပြီး အဒီအဖျားနဲ့ပဲ ကွယ်လွန်ခဲ့တယ်။ ဒါပေမဲ့ မာလစ်က်ဗင်န်ရီးဗ်က အတ်ဗ်ဗာစီအင်ပါယာမှာရှိတဲ့ ကဗျာဆရာတွေရဲ့ ကဗျာတွေအားလုံးနဲ့ညီမျှတဲ့ ကဗျာတစ်ခုကို ရေးသားခဲ့တယ်။ အဗူဇိုအိုက်ဗ် ဟိုဇလီက သူ့သားတွေသေတော့ သူတို့အတွက် ဒိတ်ဒိတ်ကြဲပညာရှင်တွေအားလုံး လက်မြှောက်ရတဲ့ မော်ကွန်းဝင် လွမ်းချင်းကဗျာတွေ ရေးစပ်ခဲ့တယ်။

အသင်ဟာ စိတ်နဲ့မတိုက်ဆိုင်တဲ့ အရာတစ်ခုခုနဲ့ကြုံရပြီဆိုရင် အဲဒီအရာရဲ့ကောင်းတဲ့အပိုင်းကို အရင်စကြည့်ပါ။ အသင့်ကို လူတစ်ယောက်ကသံပုရာသီးတစ်ခွက်ပေးလာရင် အသင်က သကြားတစ်ဆုပ်ထပ်ထည့်ပြီး သံပုရာဖျော်ရည်လုပ်လိုက်ပါ။ အဲဒီလိုပဲ တစ်ယောက်ယောက်က အသင့်ကို မြွေဆိုးတစ်ကောင်ပေးလာရင်လည်း အဲ့ဒီမြွေရဲ့အဖိုးတန်အရေခွံကိုယူပြီးတော့ ကျန်တဲ့အပိုင်းတွေကို စွန့်ပစ်လိုက်ပါ။ အဲဒီလိုပဲ အသင့်ကို ကင်းကိုက်လိုက်တာဟာလဲ မြွေဆိပ်သင့်ခြင်းကနေကာကွယ်ပေးတဲ့အရာဖြစ်တယ်လို့ အသင်မှတ်ယူလိုက်ပါ။ အသင်ဘယ်လောက်ပဲကြမ်းတမ်းတဲ့ခရီးလမ်းကို လျှောက်နေရ လျှောက်နေရ အဲ့ဒီအတိုင်းသာ ကျင့်သုံးကြည့်လိုက်။ ကြမ်းတမ်းပါတယ်ဆိုတဲ့လမ်းတွေပန်းခင်းလမ်း ဖြစ်သွားလိမ့်မယ်။ عَسَىٰ أَن تَكْرَهُوا۟ شَيْـًٔا وَهُوَ خَيْرٌ لَّكُمْ

ပြင်သစ်တော်လှန်ရေးကြီးမတိုင်ခင်က ကဗျာဆရာအကျော်အမော်နှစ်ယောက် ထောင်ချခံခဲ့ရတယ်။ ကဗျာဆရာနှစ်ယောက်ထဲကတစ်ယောက်က နိမိတ်ကောင်းကောက်တဲ့သူ နောက်တစ်ယောက်က နိမိတ်ဆိုးကောက်တဲ့သူဖြစ်တယ်။ တစ်ရက် သူတို့နှစ်ယောက်က ထောင်ပြတင်းပေါက်ကနေ ခေါင်းထွက်ပြီးကြည့်တယ်။ နိမိတ်ကောင်းကောက်တဲ့သူက မိုးကောင်းကင်ကိုကြည့်ပြီး ကြယ်တွေတွေ့တော့ ရယ်တယ်။ နောက်နိမိတ်ဆိုး ကောက်တဲ့သူကတော့ အနီးပတ်ဝန်းကျင်လမ်းပေါ်က ရွှံ့နွံတွေကိုကြည့်ပြီး ငိုတယ်။

အချုပ်ပြောရရင် လောကမှာ မကောင်းတာ တွေချည်းပဲမဟုတ်ဘူး။ ဒုက္ခတိုင်းထဲမှာ သုခတွေ ကွန့်မြူးနေတဲ့အပိုင်းတွေလည်း အများကြီးရှိပါတယ်ဆိုတာကို ကောင်းစွာ နှလုံးသွင်းလိုက်ကြပါ။

(၂၃) အသင့်အိမ်က နေတတ်ရင် ကျေနပ်စရာပဲ

မကောင်းမှုလိုက်စားသူတွေ၊ အလုပ်လက်မဲ့တွေ၊ ပေါက်ကရ (ဇဝ) ပြောဆိုပြုမူသူတွေ ၊ လူလေလူလွင့်တွေနဲ့ အသင် ဝေးဝေးနေပါ။ ဒါဟာ ရှရီအသ်က လိုလားတဲ့တစ်ကိုယ်ရေတကာရနေခြင်းပဲ။ စွန္နသ် တော်လည်းဖြစ်တယ်။ အဲ့ဒီလိုနေရင် အသင့်ရဲ့ ကိုယ်စိတ်နှလုံး ဤ သုံးပါးလုံး ရွှင်လန်းချမ်းမြေ့သလို ဦးနှောက်ဖွံ့ဖြိုးမှုလည်း အားကောင်း ပြီး အသိပညာဗဟုသုတတွေ မြင့်မားတိုးတက်လာလိမ့်မယ်။ ခေါင်းထဲ မှာ အမှိုက်တွေထည့်ထားရင် ကောင်းတာတွေ မထည့်ချင်တော့ဘူး။

ကောင်းမှုနဲ့အမိန့်နာခံမှုကို အနှောက်အယှက်ဖြစ်စေတဲ့အရာ တွေကနေ ဝေးဝေးနေခြင်းဟာ စိတ်ဆရာဝန်တွေ လက်တွေ့လေ့လာ စမ်းသပ်ပြီး အတော်ကို အောင်မြင်နေတဲ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်တယ်။ အခု ကျနော် မိတ်ဆွေကို ပြောချင်နေတာလည်း မကောင်းမှု တွေ အကျိုးမဲ့ အဟောသိက အလုပ်တွေ၊ လူလေလူလွင့်တွေနဲ့ ခပ်ကင်းကင်းနေဖို့ပဲ။ အဲ့ဒီလိုဆိုရင် အသင့်အသိဉာဏ်တွေ ဖွံ့ဖြိုး တိုးတက်လာမယ်။ ရင့်ကျက်လာမယ်။ အလ္လာဟ်အရှင်မြတ်ကို သတိရတသဖို့ အခွင့်အရေးတွေရလာလိမ့်မယ်။ ကောင်းတဲ့နေရာတွေ ကောင်းတဲ့စကား ပြောတဲ့နေရာတွေဆိုလို့ ဂျမ်မာနမားဇ်တို့ ငါးကြိမ်နမားဇ်တို့ အသိပညာပေး ဟောပြောပွဲတို့နဲ့ ကောင်းမှု အားပေးတဲ့အခမ်းအနားတို့ လောက်ပဲရှိတယ်။

မိတ်ဆွေ ဘာမျှအကျိုးမပေးတဲ့ လူလေလူလွင့်တွေနဲ့ ဝေးဝေး နေပါ။ ကိုယ်မှားခဲ့တဲ့အမှားတွေကို သံဝေဂယူပါ။ ကိုယ့်နှုတ်ကိုယ်ထိန်း ပြီး အိမ်မှာနေတတ်အောင်နေပါ။ ဘာမျှအကျိုးမရှိတဲ့ လူလေလူလွင့်

တွေနဲ့ပေါင်းတာဟာ ကိုယ့်သေတွင်းကိုယ်တူးတာနဲ့အတူတူပဲ။ ကိုယ့်စိတ်ချမ်းသာမှုကို ကိုယ်ဖျက်စီးတာနဲ့ အတူတူပဲ။ ဘာလို့လဲဆိုတော့ ကိုယ့်ကို ဘာမျှအကျိုးမပေးတဲ့ လူလေလူလွင့်တွေဆိုတာ အကျိုးမဲ့စကားတွေ ဖြန့်တဲ့လူတွေ ဖွတဲ့လူတွေချည်းပဲ။ ပါးစပ်ပေါ်လာသမျှ အကြောင်းကို မဆလာဖြူးပြီး လုပ်ကြံသတင်းတွေလုပ်လုပ်ပြီး အသင့်ကို ခြောက်မယ်။ အဲဒီလို ခြောက်ခြောက်ပြီးတော့ပဲ အသင့်ကို တကယ် မသေခင်မှာပဲ ခုနှစ်ကြိမ်လောက် အရှင်လတ်လတ်သေအောင် ဝိုင်း လုပ်ကြလိမ့်မယ်။ “**အကယ်၍ သူတို့က အသင်တို့နဲ့အတူ ထွက်ကြမယ် ဆိုရင် အသင်တို့ကို ပျက်စီးရာပျက်စီးကြောင်းပဲ တိုးစေကြမှာပဲ**” (စူရဟ် သောက်ဗဟ် ၄၇)

အဲ့ဒီတော့ မိတ်ဆွေ ကျွန်တော် မိတ်ဆွေကို မေတ္တာရပ်ခံချင်တာက “အကောင်းပြောရင်ပြော အကောင်းလုပ်ရင်လုပ်။ အဲဒီလိုမှ မဟုတ်ဖူး ဆိုရင်တော့ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး ကိုယ့်အခန်းထဲပဲ ကိုယ်နေလိုက်ပါ။ မိတ်ဆွေ လက်တွေ့စမ်းကြည့်ပါ။ စိတ်ချမ်းသာလာလိမ့်မယ်။ မိတ်ဆွေရဲ့အချိန်တွေ အလကားဖြစ်တော့မှာမဟုတ်ဘူး။ ရထားတဲ့ဘဝ သက်တမ်းက တန်းဖိုးရှိလာမယ်။ နှုတ်လျှာက အတင်းအဖျင်းတွေနဲ့ ကင်းပြီးတော့ နှလုံးသားက စိတ်ပျက်စရာတွေနဲ့ ရှင်းနေလိမ့်မယ်။ နားက မကောင်းတာတွေ မကြားရတော့သလို စိတ်မှာလည်း သူများကို မကောင်းထင်စရာတွေမရှိဘူး။ ဒါကို လက်တွေ့စမ်းကြည့်တဲ့သူကတော့ တကယ်တန်းသိမှာပဲ။ “သံသယစိတ်များတဲ့သူတွေနဲ့ ပေါက်ကရ ၈၀ ပြောတဲ့သူတွေကိုတွေ့ရင် ဝေးဝေးကနေ အမြန်စလာမ်ပေးလိုက်ပါ”လို့ နောက်ဆုံးအနေနဲ့ ကျွန်တော် မိတ်ဆွေကို မေတ္တာရပ်ခံပါရစေ။

(၂၄) စဉ်းစားသုံးသပ်....... ကျေးဇူးဖတ်

အသင့်ပေါ် အလ္လာဟ်အရှင်မြတ် ချီးမြင့်ထားတဲ့ ကျေးဇူးတရားတွေကို သတိရကြည့်ပါလို့ ပဏာမ ကျတော်အကြံပြုချင်တယ်။ အသင့်ရဲ့အပေါ်၊ အောက်ပတ်လည် ဝဲယာမှာ အသင့်ပေါ် အလ္လာဟ်အရှင်မြတ် ချီးမြင့်ထားတဲ့ကျေးဇူးတရားတွေအများကြီးရှိတယ်။ ခန္ဓာကိုယ် ကျန်းမာသန်စွမ်းတာ၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့နေရတာ၊ အစားအသောက်၊ အဝတ်အစား၊ ရေ၊ လေ စသဖြင့်ပေါ့။

وَإِن تَعُدُّوا نِعْمَةَ اللَّهِ لَا تُحْصُوهَا **"အသင်တို့ဟာ အလ္လာဟ်အရှင်မြတ်ရဲ့ကျေးဇူးတော်ကို ရေတွက်မယ်ဆိုရင်လည်း ရေတွက်နိုင်ကြမှာမဟုတ်ဘူး"**။ လောကကမ္ဘာတစ်ခုလုံးဟာ အသင့်ဆီမှာရှိပေမယ့် အသင့် မှာ အသိစိတ်ရယ်လို့မရှိပေ။ ဘဝတစ်ခုလုံးကို အသင်ပိုင်ဆိုင်ထားပေ မယ့်နားမလည်ပေ။

وَأَسْبَغَ عَلَيْكُمْ نِعَمَهُ ظَاهِرَةً وَبَاطِنَةً **"အလ္လာဟ်အရှင်မြတ်ဟာ မိမိရဲ့ ထင်ရှားတဲ့ကျေးဇူးတော်တွေကိုရော မထင်ရှားတဲ့ကျေးဇူးတော်တွေကိုပါ အသင်တို့အပေါ် ချပေးသနားတော်မူတယ်"**။ အသင်ဟာ မျက်လုံးတစ်စုံ၊ နှုတ်လျှာတစ်ခု၊ နှုတ်ခမ်းတစ်စုံ၊ လက်တစ်စုံ၊ ခြေတစ်စုံကို ပိုင်ဆိုင်ထားတယ်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ **" ဒါဆိုရင် (အိုး-ဂျင်န်နဲ့လူသားအပေါင်းတို့) အသင်ဟာ မိမိကို ဖန်ဆင်းတော်မူတဲ့အရှင်မြတ်ရဲ့ ဘယ်ကျေးဇူးတော်တွေကို မဟုတ်မမှန်ပါဆိုပြီး ငြင်းပယ်နေကြတာလဲ"**

အဲ့ဒီတော့ မိတ်ဆွေ! တခြားလူတွေအမြောက်အမြား ခြေပြတ်နေတဲ့အချိန်မှာ အသင်ဟာ အေးအေးဆေးဆေးနဲ့ မြေပေါ်မှာ လမ်းလျှောက်ခွင့်ရနေတာ လွယ်တဲ့ကိစ္စလား။ တခြားလူတွေ အမြောက်အမြားခြေထောက်တွေ ပြတ်နေတဲ့အချိန်မှာ အသင်ဟာ ကိုယ့်ခြေထောက်ပေါ်ကိုယ် မားမားမတ်မတ် ရပ်နေနိုင်တာ လွယ်တဲ့ကိစ္စလား။ တခြားလူတွေ အမြောက်အမြား ဝေဒနာအမျိုးမျိုးကြောင့် အိပ်ရေးတွေပျက်နေချိန်မှာ အသင် ဇိမ်နဲ့အိပ်ရေးဝဝအိပ်ခွင့်ရနေတာ၊ အစားအသောက်တွေ ကောင်းကောင်းမွန်မွန် စားခွင့်သောက်ခွင့်ရနေတာ ဘာမှမဟုတ်တဲ့ကိစ္စလို့ ထင်နေတာလား။ ရောဂါဝေဒနာအမျိုးမျိုးကြောင့် မစားနိုင် မသောက်ရက်ဖြစ်နေတဲ့သူတွေ ဒုနဲ့ဒေးရှိနေတယ်။ အသင့်နားတွေ၊ မျက်စိတွေကိုပဲ ကြည့်ကြည့်ပါ။ အကောင်းပကတိအတိုင်းပဲ။ ကန်းနေတာမရှိဘူး။ အဲ့လိုပဲ အသင့်အသားရေကို ကြည့်ကြည့်ပါ။ သမင်ဖြူရောဂါတွေ တခြားအရေပြားရောဂါတွေနဲ့ကင်းစင်နေတာကို အသင်တွေ့ရမယ်။ အသင့်ဦးနှောက်ကို ကြည့်ရင်လည်း ရူးသွပ်ခြင်း၊ သတိလစ်ခြင်းဝေဒနာတွေကို ခံစားမနေရဘူး။

အသင့်မျက်လုံးတစ်စုံအစား အိုဟွတ်ဒ်တောင်လောက်ရှိတဲ့ ရွှေပုံနဲ့ အသင်အလဲအလှယ် လုပ်ချင်လား။ အသင့်နားရဲ့အစား ငွေပုံနဲ့ အသင် အလဲအလှယ်လုပ်ချင်လား။ အသင့်နှုတ်လျှာရဲ့အစား တော်ဝန်နန်းတော်တွေနဲ့ အလဲအလှယ် လုပ်ချင်လား။ အသင့်လက်တစ်စုံရဲ့အစား ပုလဲကုံး၊ ပတ္တမြားကုံးတွေနဲ့ အသင် အလဲအလှယ်လုပ်ချင်လား။ အခု အသင်ဟာ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းမှု အပြည့်အဝရရှိထားခြင်းနဲ့အတူ စည်းစိမ်ချမ်းသာတွေလည်း တပုံတပင်းရရှိထားတယ်။ ဒါလဲပဲ အသင်ဟာ အမြဲပူဆွေးသောကတွေ၊ ကြေကွဲစရာတွေနဲ့ ဝမ်းနည်းပတ်

လက်ဖြစ်ပြီး ဘဝကိုကျင်လည်ဖြတ်သန်းနေတယ်။ တကယ်ဆို အသင် ဟာ နေ့တစူဝ သန့်ရှင်းလတ်ဆတ်တဲ့အစားအသောက်တွေကို ရရှိပိုင် ဆိုင်ထားတယ်။ အေးအေးဆေးဆေးနဲ့ အိပ်ရေးဝဝလည်း အိပ်စက်လို့ရ တယ်။ ကိုယ်စိတ်နှဖြာကျန်းမာချမ်းသာမှုကိုလည်း ရရှိပိုင်ဆိုင်ထား တယ်။ ဒါလဲ အသင်ဟာ လက်ရှိအသင့်ဆီမှာ မရှိတဲ့အရာတွေကိုပဲ စဉ်း စားတွေးတောနေပြီး လက်ရှိ အသင် လက်ဝယ်ပိုင်ဆိုင်ထားတဲ့စည်းစိမ် တွေအပေါ် ကျေးဇူးမသိတတ်ဖူး။ အသင့်လက်ဝယ်မှာ နဖူးစာကောင်း ခြင်းအဖြာဖြာစုစည်းရာ ဘဏ်တိုက်ကိုဖွင့်ဖို့ သော့တံလည်းရှိသလို ကောင်းခြင်းအဖြာဖြာနဲ့စည်းစိမ်အဖုံဖုံဆီ လှမ်းချီရာ တံတားတစ်စင်း လည်းရှိတယ်။ ဒါလဲ အသင်ဟာ ဥစ္စာပစ္စည်းတွေ လက်လွတ်ဆုံးရှုံးရလို့ အကြီးအကျယ် ဝမ်းနည်းကြေကွဲနေသေးတယ်။ ဒါ့ကြောင့် မိတ်ဆွေ! စဉ်းစားသုံးသပ် ..... ကျေးဇူးဖတ်ပါ။

وَفِيٓ أَنفُسِكُمۡۚ أَفَلَا تُبۡصِرُونَ "အသင်တို့ ကိုယ်တွေမှာလည်း (သက် သေလက္ခဏာတွေ)ရှိရဲ့သားနဲ့ အသင်တို့ မမြင်ကြဘူးလား"

အသင့်ကိုယ်အသင် ၊ အသင့်မိသားစု ၊ အသင့်အလုပ် ၊ အသင့်ရဲ့ ကျန်းမာချမ်းသာမှု၊ အသင့်အပေါင်းအသင်းရောင်းရင်း၊ အသင့်ပတ်ဝန်း ကျင် စတဲ့အားလုံးကို စဉ်းစားသုံးသပ်ကြည့်ပါ။

يَعۡرِفُونَ نِعۡمَتَ ٱللَّهِ ثُمَّ يُنكِرُونَهَا "သူတို့ဟာ အလ္လာဟ်အရှင်မြတ်ရဲ့ ကျေးဇူးတော်တွေကို ဝန်ခံကြတယ်။ ပြီးတော့ သူတို့ဟာ အဲ့ဒီကျေးဇူး တော်တွေကို ငြင်းပယ်ကြတယ်"။

!!!!!

(၂၅) ပြီးခဲ့တာတွေဟာ ပြီးခဲ့ပါပြီ

အတိတ်နဲ့အတိတ်မှာဖြစ်ခဲ့တဲ့ ဝမ်းနည်းကြေကွဲစရာ၊ နာကျင်စရာတွေကို ပြန်လည်သတိရပြီး သောကဖြစ်တာဟာ အသိတရားမဲ့ခြင်း၊ မိုက်ရူးရဲဆန်ခြင်းတစ်မျိုးပဲ။ အဲ့ဒါတွေက ဇွဲ၊ လုံ့လ၊ ဝီရိယတွေကို ယုတ်လျော့ကျဆင်းစေသလို လက်ရှိဘဝကိုလည်း ဖျက်လိုဖျက်ဆီးလုပ်တဲ့ အရာတွေဖြစ်တယ်။ အတိတ်ကဖိုင်တွေကို ပြန်လှန်တာ၊ ခတ်ပြားဟောင်းတွေ ပြန်ဖွင့်တာတွေဟာ မပြုအပ်တဲ့အပြင် အဲ့ဒါတွေကို ထာဝရအတွက် မေ့ပစ်သင့်တယ်၊ အရိပ်အယောင်ကိုတောင် မမြင်ရအောင် ထိတ်တုံးခတ်ပြီး တိုက်ပိတ်ပစ်သင့်တယ်လို့ ပညာရှိသုခမိန်တွေကဆိုထားတယ်။ ဘာလို့လဲဆိုတော့ အတိတ်ဆိုတာကုန်ဆုံးခဲ့တဲ့အရာ၊ ပြီးပြီးသားအရာ၊ တည်မြဲကျန်ရှိနေတဲ့အရာမဟုတ်လို့ အဲ့ဒီအတိတ်က အကြောင်းတွေ တကျော့ပြန် ပူပန်နေလို့ အသင့်ဘဝကြီးပြန်လည် တောက်ပြောင်လာမှာလည်းမဟုတ်သလို အသင့်ကိုစိတ်သစ်၊ ကိုယ်သစ်၊ သွေးသစ်တွေလည်း လောင်းပေးနိုင်မှာလည်းမဟုတ်ဘူး။ အတိတ်နောက် ငန်းငန်းတက်လိုက်ခြင်းထဲမှာ နစ်မနေပါနဲ့မိတ်ဆွေ။ လက်လွှတ်ခဲ့ပြီဖြစ်တဲ့ ကိစ္စတွေနောက် ကောက်ကောက်ပါအောင် လိုက်မနေပါနဲ့တော့။ အတိတ်ရဲ့ အရိပ်မဲတွေကနေ ကိုယ့်ကိုယ်ကို ကယ်ထုတ်ပါ။ မိတ်ဆွေက စီးတွေနေပြီးဖြစ်တဲ့ မြစ်ရေတွေကို ရေဆူပေါက်ဆီ ပြန်ပို့ချင်နေတာလား။ ထွက်ပြူပြီးပြီဖြစ်တဲ့ နေမင်းကို ထွက်လာတဲ့နေရာမှာ ပြန်သွင်းချင်နေတာလား။ မွေးဖွားပြီးပြီဖြစ်တဲ့ ကလေးကို မိခင်ရဲ့ ဝမ်းကျာမိုက်ထဲ ပြန်ထည့်ချင်နေတာလား။ ထွက်ပြီးသား နို့ရည်ကို နို့အုံထဲ ပြန်ထည့်ချင်တာလား။ ကျပြီးသားမျက်ရည်ကို မျက်လုံးထဲ ပြန်ထည့်ချင်နေတာ

လား။ အတိတ်အကြောင်းတွေ တဖန်ပြန်စဉ်းစားပြီး နာကျင်ကြေကွဲနေခြင်းဟာ အင်မတန်ကြောက်စရာ၊ စိုးထိတ်စရာ ကိစ္စတစ်ခုဖြစ်တယ်။

အတိတ်က စာမျက်နှာတွေကို ပြန်လှန်ဖတ်ခြင်းဟာ လက်ရှိကာလကို ဖျက်လို့ဖျက်ဆီးလုပ်လိုက်တာပဲ။ ခွဲ၊လုံ့လ၊ဝိရိယတွေကို ရိုက်ချိုးပစ်တာပဲ။ တန်ဖိုးရှိတဲ့အချိန်တွေကို ဖြုန်းပစ်တာပဲ။ အလ္လာဟ်အရှင်မြတ်က ရှေးလွန်လေပြီးတဲ့လူမျိုးတွေနဲ့ သူတို့ရဲ့လုပ်ရပ်တွေ အရှင်တင်ပြတယ်။ ပြီးတော့ အခုလို အမိန့်ရှိတယ် تِلْكَ أُمَّةٌ قَدْ خَلَتْ **သူတို့ဟာ အတိတ်ကာလက လွန်လေပြီးခဲ့တဲ့လူမျိုးတွေဖြစ်တယ်။** ဆိုလိုတာက သူတို့ကိစ္စတွေကပြီးခဲ့ပြီးပြီး။ သမိုင်းစာမျက်နှာဟောင်းတွေ ပြန်လှန်လို့၊ ခေတ်ပြားဟောင်းတွေ ပြန်ဖွင့်လို့ ဘာမျှအကျိုးမရှိဘူး။

အတိတ်ကကိစ္စတွေ ပြန်ရေနှူးတာ၊ ခေတ်ပြားဟောင်းပြန်ဖွင့်တာဟာ ကြိတ်ပြီးသားဂျုံကို ပြန်ကြိတ်တာ၊ အမှုန့်ဖြစ်ပြီးသား သစ်သားကို ပြန်လည်အမှုန့်လုပ်တာနဲ့တူတယ်။ အတိတ်ကအကြောင်းတွေ တွေးပြီး ငိုကြွေးတဲ့သူတွေကို ရှေးလူကြီးတွေက "သေပြီးသားသူတွေကို ကဗရ်ထဲက ပြန်ဆွဲမထုတ်ပါနဲ့"လို့ ပြောကြတယ်။

ကျနော်တို့ရဲ့ အကြီးမားဆုံးပြဿနာက အတိတ်ကအကြောင်းတွေထဲမှာပဲ နစ်မွမ်းရင်းနစ်မွမ်းရင်းနဲ့ လက်ရှိကာလအရေး ဘာမျှမတွေးနိုင်တော့ဘဲ လက်မှိုင်ချပြီး ထိုင်နေရခြင်းပဲ။ ကျတော်တို့ဟာ ရှေးခေတ်ကရွှေထီးဆောင်းခဲ့တာတွေကို လွမ်းဆွတ်ကြေကွဲရင်း လက်ရှိပိုင်ဆိုင်ထားတဲ့ လှပခန့်ညားတဲ့ နန်းဆောင်တွေကို စွန့်လွှတ်ကျောခိုင်းပစ်လိုက်ကြတယ်။ လူတွေ၊ ဂျင်န်တွေ အားလုံးပေါင်းပြီး ပြီးခဲ့တဲ့ခေတ်ပြား

ဟောင်းတွေ ပြန်ဖွင့်မယ်ဆိုရင်လည်း လုံးဝစွမ်းနိုင်ကြမှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ဒါဟာ လုံးဝမဖြစ်နိုင်တဲ့ကိစ္စဖြစ်တယ်။

လေဆိုတာက ရှေ့ကိုပဲဦးတည်တိုက်ခတ်သလို ရေဆိုတာလည်း ရှေ့ကိုပဲစီးဆင်းတယ်။ လူအဖွဲ့အစည်းကလည်း ရှေ့ကိုပဲသွားတယ်။ ဘဝခရီးဟာလည်း ရှေ့ကိုပဲ ဦးတည်ရွေ့လျားတယ်။ ဒါ့ကြောင့် လူဆိုတာလည်း နောက်ကို ပြန်လှည့်မကြည့်ရဘူး။ ရှေ့သို့ပဲ ဦးတည်ရတယ်။ မိတ်ဆွေ! လောကနိယာမတွေကို မဆန့်ကျင်လိုက်ပါနဲ့။

!!!!!

(၂၆) လက်ရှိ အသင် ပိုင်ဆိုင်ထားတဲ့ ဒီနေ့ကိုပဲ အကောင်းဆုံးလုပ်ပါ

နံနက်မိုးလင်းပြီဆိုတာနဲ့ ညနေကို မစောင့်ဆိုင်းပါနဲ့။ အခု မိတ်ဆွေ ကျင်လည်နေတဲ့ ဒီနေ့ကိုပဲ အာရုံစိုက်ပြီး အကောင်းဆုံးဖြစ်အောင် လုပ်ပါ။ အကောင်းတွေ၊ အဆိုးတွေ ဒွန့်တွဲပြီး ကုန်လွန်ခဲ့တဲ့ မနေ့ကိုရော၊ အခုထိမလာသေးတဲ့မနက်ဖြန်ကိုပါ အာရုံထဲက ထုတ်ထားလိုက်ပါ။ အသင့်ဦးခေါင်းပေါ် နေမင်းကြီးပြူထွက်လာတဲ့ ဒီနေ့က အသင့်နေ့ပဲ။ အသင်အလင်းရောင်ကိုမြင်နေရတဲ့ ဒီနေ့က အသင့်တွက် လုံလောက်ပြီ။ ရလိုက်တဲ့တစ်ရက်တိုင်းကို အကောင်းဆုံး ကုန်ဆုံးလိုက်ရင် အသင်အောင်မြင်ပြီ။ အသင့်သက်တမ်းက တကယ်တမ်း တစ်ရက်တည်းပဲ၊ အသင်က တစ်နေ့တည်းမှာမွေးပြီး အဲ့ဒီ တစ်နေ့တည်းမှာပဲ သေရမယ်လို့ မှတ်ယူနှလုံးသွင်းလိုက်ပါ။ ဒီလိုမှတ်ယူနှလုံးသွင်းထားလိုက်ရင် မိတ်ဆွေရဲ့ဘဝဟာ အတိတ်က ပူပင်သောကတွေ၊ စိတ်ရှုပ် စရာတွေနဲ့ကင်းပြီး အနာဂတ်ရဲ့မျှော်လင့်ချက်တွေ၊ အရိပ်မဲတွေ၊ အိပ်မက်ဆိုးတွေနဲ့ရှင်းနေမှာ အသေအချာပါ။ မိတ်ဆွေရဲ့

အင်အားတွေ၊ အာရုံတွေ၊ ကြိုးပမ်းအားထုတ်မှုတွေကို ဒီနေ့အတွက်ပဲ တစ်ခဲနက် အသုံးချပလိုက်ပါ။ ဒီနေ့အတွက် မိတ်ဆွေ မဖြစ်မနေ ကြိုးပမ်းအား ထုတ်ရမှာက အသက်ပါတဲ့နမားဇ်ဝတ်ပြုဖို့၊ ကျမ်းမြတ်ကုရ်အာန်ရဲ့ အဓိပ္ပာယ်ရသတွေ၊ အနှစ်သာရတွေကို စဉ်းစားတွေးတော ပြီး ဖတ်ရွတ်ဖို့၊ အာရုံအပြည့်နဲ့ ဇစ်ကိရ်လုပ်ဖို့၊ ကိစ္စတိုင်းကို သူ့အတိုင်းအတာနဲ့သူ ချင့်ချိန်ပြီးလုပ်ဖို့၊ စိတ်ကောင်းစိတ်မြတ်တွေ ထားဖို့၊ နဖူးစာမှာ ရေးထားသလောက် ကျေနပ်ဖို့၊ ကိုယ့်ခန္ဓာကိုယ်ကို ကိုယ်ဂရုစိုက်ဖို့နဲ့ တခြားသူတွေကို အကျိုးပြုဖို့တွေပဲဖြစ်တယ်။

အခု အသင်ပိုင်ဆိုင်ထားတဲ့ ဒီနေ့အတွက် အချိန်ဇယား လုပ်လိုက်ပါ။ မိနစ်တွေကို နှစ်တွေလို သဘောထားပါ။ စက္ကန့်တွေကို လတွေလို သဘောထားပါ။ ကောင်းတဲ့မျိုးစေ့တွေကို စိုက်ပျိုးပြီး လူတွေကို အကောင်းပြုပါ။ ဂိုနဟ်ပြစ်မှုဒုစရိုက်တွေကနေ သောက်ဗဟ်ပြု ဝန်ချတောင်းပန်ပါ။ အလ္လာဟ်အရှင်မြတ်ကို သတိရတာသပြီး တမလွန်ခရီးအတွက် အသင့်လုပ်ထားပါ။ အသင် ကျင်လည်နေရတဲ့ ဒီနေ့ကို ရွှင်လန်းချမ်းမြေ့စွာနေပါ။ အသင်ရထားတဲ့ရိဇိရိက္ခာ၊ ဇနီး၊ သားသမီး၊ အိမ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ အဆင့်အတန်းနဲ့ပဲ ရောင့်ရဲလိုက်ပါ။ فَخُذْ مَا آتَيْتُكَ وَكُنْ مِنَ الشَّاكِرِينَ **"အသင့်အား ငါအရှင်ချီးမြှင့်ထားတာတွေကို ယူပါလေ။ ဒါ့အပြင် အသင်ဟာ ကျေးဇူးတော်ကို သိတတ်သူများတွင် အပါအဝင်ဖြစ်ပါ"။** မိတ်ဆွေ! အသင်ဟာ ဒီနေ့ကို ပူဆွေးတာ၊ ကြေကွဲတာ၊ အမုန်းအာဃာတထားတာ၊ ရန်ငြိုးထားတာ၊ မနာလိုအူတိုတာတွေ မရှိဘဲနဲ့ နေထိုင်ကျင်လည်ကြည့်လိုက်စမ်းပါ။

“**လက်ရှိအသင်ပိုင်ဆိုင်ထားတဲ့ ဒီနေ့ကိုပဲ အကောင်းဆုံးဖြစ်အောင်လုပ်ပါ**”ဆိုတဲ့ စာကြောင်းလေးကို အသင့်နှလုံးသားရင်ပြင်မှာ ရော ရုံးခန်းမှာပါ ရေးကိုရေးထားလိုက်ပါ။ အသင်က ဒီနေ့ အရသာရှိတဲ့ ထမင်းပူပူ ဟင်းပူပူ စားနေရရဲ့နဲ့ မနေ့ကစားခဲ့တဲ့ ရေလုံပြုတ်နဲ့ မကြုံရသေးတဲ့မနက်ဖြန်မှာ စားရမယ့်ထမင်းကြမ်းအကြောင်း ဘာလို့ တွေးပူနေရတာလဲ။ ဒီနေ့ အသင် ဖျော်ရည်ကောင်းကောင်း သောက်နေရရဲ့နဲ့ မနေ့ကသောက်ခဲ့တဲ့ ရေနွေးကြမ်းနဲ့ မနက်ဖြန်မှာ သောက်ရမယ့် ရေငံအကြောင်း ဘာလို့ တွေးပူနေတာလဲ။

အသင်ဟာ ပြတ်သားတဲ့သန္နိဋ္ဌာန်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချနိုင်တယ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိတယ်ဆိုရင် “**ငါ လောကကြီးမှာ ဒီနေ့တစ်ရက်ပဲ ရှင်သန်နေထိုင်ရမယ်**”ဆိုတဲ့ အတွေးအခေါ်ကို အမြဲလက်ကိုင်ပြုထားလိုက်ရမယ်။ အဲ့ဒီအတွေးအခေါ်ကို လက်ကိုင်ပြုလိုက်တဲ့အခါ အသင်ဟာ ကိုယ့်တစ်နေ့တာရဲ့ စက္ကန့်တိုင်း၊ မိနစ်တိုင်းကို ကိုယ့်ကိုယ်ကို ပြုပြင်ဖို့၊ ကိုယ့်အရည်အချင်းတွေကို မြှင့်တင်ဖို့၊ ကိုယ့်အလုပ်အကိုင်တွေကို တိုးတက်အောင်လုပ်ဖို့ စတဲ့ တန်ဖိုးရှိမယ့် အကျိုးရှိမယ့်အရာတွေအတွက် စဉ်းစားအသုံးချလာလိမ့်မယ်။ အဲ့ဒီအခါကျ အသင်ပြောလာလိမ့်မယ် “လောကကြီးမှာ ငါဒီနေ့တစ်ရက်ပဲ နေထိုင်ကျင်လည်ရမှာဆိုတော့ ယဉ်ကျေးသိမ်မွေ့တဲ့ စကားတွေ ပဲပြောတော့မယ်၊ ရုန့်ရင်းကြမ်းတမ်းတဲ့စကားတွေ၊ အတင်းအဖျင်းတွေ မပြောတော့ဘူး။ ဆဲရေးတိုင်းထွာမှုတွေ မပြုဘဲ နေထိုင်ကျင်လည်မယ်။ အဲ့လိုပဲ ငါဒီနေ့တစ်ရက်တာ အတွက်တော့ ငါ့အိမ်နဲ့ရုံးခန်းကို သပ်သပ်ရပ်ရပ်နဲ့ စည်းစနစ်တကျ ထားပြီးနေမယ်။ ဖရိုဖရဲနဲ့ စည်းမဲ့ကမ်းမဲ့မနေတော့ဘူး။ ငါဒီနေ့တစ်ရက်တာအတွက်

တော့ တစ်ကိုယ်ရည်သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နေထိုင်ဝတ်စားဖို့ အထူးဂရုစိုက်မယ်၊ နေပုံထိုင်ပုံ၊ သွားပုံလာပုံ၊ ပြောပုံဆိုပုံ အားလုံးကို အလည်အလတ် ကျကျ ပြုမူဆောင်ရွက်ရင်းနဲ့ နေထိုင်ကျင်လည်မယ်။

ငါအလ္လာဟ်အရှင်မြတ်ရဲ့ အမိန့်ကိုနာခံပြီး နမားဇ်တွေကို ပြည့်ပြည့်ဝဝ ဆောက်တည်မယ်၊ နဖစ်လ်တွေဆောင်ပြီး ဂုနဟ်တွေ ရှောင်မယ်၊ ကျမ်းတော်မြတ်ကုရ်အာန်ကို ဖတ်ရွတ်သရဇ္ဈာယ်မယ်၊ စာအုပ်စာပေတွေ လေ့လာလိုက်စားမယ် စတဲ့ ကောင်းနိုးရာရာ အဖြာဖြာကို ကျင့်ကြံအားထုတ်ရင်းနဲ့ ငါဒီနေ့တစ်ရက်တာကို ကုန်ဆုံးမယ်။

ငါဒီနေ့တစ်ရက်တာပဲ အသက်ရှင်နေထိုင်ရမှာဆိုတော့ နှလုံးသားထဲမှာ စိတ်ကောင်းစိတ်မြတ်မျိုးစေ့တွေချပြီး မာန်မာနထောင်လွှားခြင်း၊ ကိုယ့်ကိုယ်ကို အထင်ကြီးခြင်း၊ ပြစားခြင်း၊ မနာလိုအူတိုခြင်း၊ အငြိုးအတေးထားခြင်း၊ သူတပါးကို မကောင်းထင်မြင်ခြင်း စတဲ့ စိတ်ယုတ်စိတ်မာတွေကို ပေါင်းသင်ရှင်းလင်းပစ်မယ်။

ငါဒီနေ့တစ်ရက်တာအတွက်ပဲ အသက်ရှင်နေထိုင်ပြီး တစ်ပါးသူတွေကို အကျိုးပြုမယ်၊ အကောင်းပြုမယ်။ ရောဂါသည်တွေကို သွားရောက်မေးမြန်းမယ်။ ဂျနာဇဟ်လိုက်ပို့မယ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ လမ်းလွှာက်ရင်း လမ်းပျောက်နေသူတွေကို လမ်းမှန်ညွှန်ပေးမယ်။ အစာရေစာပြတ်လပ်နေသူတွေကို ကျွေးမွေးမယ်။ ဒုက္ခရောက်နေသူတွေရဲ့ဒုက္ခတွေကို ဖြေဖျောက်ပေးမယ်။ မတရားအပြုခံရသူတွေဘက်ကနေ မားမားမတ်မတ်ရပ်တည်ပေးမယ်။ ဘာမျှမတတ်စွမ်းနိုင်သူတွေအတွက် ကြားဝင်အသနားခံပေးမယ်။ သောကဖြစ်နေသူတွေရဲ့

သောကတွေကို ဖြေဖျောက်ပေးမယ်၊ အာလင်ပညာရှင်တွေကို ဂုဏ်ပေးလေးစားမယ်၊ ကလေးသူငယ်တွေကို ကြင်နာယုယပြီး လူကြီးသူမတွေကို ရိုသေလေးစားမယ်။

ငါဟာ ဒီနေ့တစ်ရက်တာအတွက်ပဲ အသက်ရှင်နေထိုင်ရမှာဆိုတော့ “အိုး လွန်လေကုန်ဆုံးသွားခဲ့ပြီဖြစ်တဲ့ အတိတ်ကာလကြီးရေ! အသင့်နေမင်းကြီးနဲ့အတူ အသင်လည်း ပျောက်ကွယ်လိုက်ပါတော့။ အသင့်တွက် ငါဘယ်တော့မှ ငိုမှာလည်းမဟုတ်သလို တစ်ချက်လေးမှလည်း ငါ အသင့်အကြောင်း ထိုင်စဉ်းစားတွေးတောနေ တာကိုလည်း အသင် ဘယ်တော့မှ တွေ့ရမှာမဟုတ်ပါဘူး။ ဘာလို့ လည်းဆိုတော့ အသင်ဟာ ငါတို့ကို ဘယ်တော့မှ ပြန်မလာခြင်းမျိုးနဲ့ စွန့်လွှတ်ကျောခိုင်းသွားခဲ့ပြီလေ။

အိုး-အနာဂတ်ကြီး ! အသင်ဟာ အခုထိ ငါတို့ မမြင်နိုင်တဲ့ အကွယ်ကမ္ဘာမှာပဲ ရှိနေတာကြောင့် ငါအိပ်မက်တွေနဲ့ အပတ်အသက် မလုပ်ချင်ဘူး။ ဥပဒ်ဖြစ်စေတဲ့ သံသယစိတ်တွေနဲ့ ငါ့ကိုယ်ငါ အလဲအလှယ်လုပ်ပြီး ရောင်းမစားချင်ဘူး။ ငါအချိန်မတန်သေးဘဲနဲ့လည်း မွေးဖွားဖို့ကိစ္စကို အလျင်မလိုချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မနက်ဖြန်ဆိုတာ ဘယ်မှာလဲ၊ ဘာလဲ။ ကြုံရမလား၊ မကြုံရဘူးလား။ ဘာမှ ပြောမရဘူး”။

အလှပဆုံးနဲ့ အတင့်တယ်ဆုံးဘဝမှာ နေချင်သူတို့အတွက် **“လက်ရှိ အသင် ပိုင်ဆိုင်ထားတဲ့ဒီနေ့ကို အကောင်းဆုံးဖြစ်အောင် လုပ်ပါ”**ဆိုတဲ့စကားကပဲ ပျော်စရာ၊ ကြည်နူးစရာတွေ စုစည်းတင်ပြထားတဲ့ အဘိဓာန်ထဲမှာ ကြွေစရာအကောင်းဆုံး စကားလေးပဲ။

(၂၇) အလုပ်လက်မဲ့နေခြင်းဆိုတာကို သင့်ဘဝထဲကနေ အပြီးအပိုင်နှင်ထုတ်လိုက်ပါ

အလုပ်လက်မဲ့နေတဲ့သူတွေက လုပ်ကြံသတင်းဖြန့်တဲ့သူတွေ ဖွတဲ့သူတွေချည်းပဲ။ ဘာလို့လဲဆိုတော့ သူတို့ရဲ့အာရုံတွေက နေရာတကာမှာပြန့်နေတယ်။ ကောင်းတဲ့ တန်ဖိုးရှိတဲ့အရာတွေကိုမစဉ်းစားဘူး။

လူတယောက် အလုပ်လက်မဲ့ဖြစ်ပြီး အားနေတဲ့နေ့က သူ့ဦးနှောက်အတွက် အန္တရာယ်အရှိဆုံးအချိန်ပဲ။ သူက အရှိန်ပြင်းပြင်းနဲ့ ဆင်းနေတဲ့ မောင်းသူမဲ့ကားလိုပဲ ဘယ်ယိမ်းလိုက် ညာယိမ်းလိုက် ဘဝကို ရောက်သွားတယ်။ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘူး။

အသင့်ဘဝမှာ အလုပ်လက်မဲ့ဖြစ်ပြီးဆိုတာနဲ့ အသင်က စိုးရိမ်ပူပန်ဖို့ ကြောင့်ကျဖို့ပဲပြင်ဆင်မယ်။ အတိတ်ကဖိုင်တွေ လက်ရှိကာလက ဖိုင်တွေ အနာဂတ်မှာ ရင်ဆိုင်ရမယ့် ကွေ့ကောက်ကြမ်းတမ်းတဲ့ပုံရိပ်တွေ တပုံတပင်းကြီး အသင့်ရှေ့မှာ အဲဒီအလုပ်လက်မဲ့အချိန်တွေကပဲ ဖွင့်ချပြမယ်။ ပြီးတာနဲ့သင့်ကို စိတ်ရှုပ်ထွေးစရာဝက်ပါကြီးထဲ ထည့်ပစ်လိုက်မှာပဲ။ အဲ့ဒီလိုနဲ့ အသင်ဟာ စိတ်ထောင်း ကိုယ်ကြေ ဖြစ်သွားမှာပဲ။

ကျနော့်ကိုယ် ကျနော်ရော အသင့်ကိုရော ကျနော် စိတ်ရင်းစေတနာအမှန်နဲ့တခုပြောမယ် "ပေါ့ပြက်ပြက် တော်ရိလျှော်ရိနဲ့ အလုပ်လက်မဲ့နေမယ့်အစား ရလဒ်ကောင်းတွေပေးမယ့် အသီး အပွင့်ကောင်းတွေနဲ့ဝေဆာစေမယ့် အလုပ်တွေကို လုပ်လိုက်ပါ"

ပေါ့ပြက်ပြက်နဲ့အလုပ်လက်မဲ့နေခြင်းက သင့်ဘဝကို အညွန့်တုံးအောင်လုပ်ပစ်မယ့်အရာပဲ။ အသင့်ကို မသိမသာလေး အရှင်လတ်လတ်မြေမြှုပ်သတ်မယ့်အရာပဲ။ အသင့်ကို အသာလေး စိတ်ငြိမ်ဆေးတိုက်ပြီး သေကြောင်းကြံစေတဲ့အရာပဲ။

တကယ်တန်းတော့ အလုပ်လက်မဲ့နေတယ်ဆိုတာ တရစ်ချင်းမျှဉ်းပြီး ကိုယ့်ကိုယ်ကို ပြစ်ဒဏ်ခတ်နေတာနဲ့တူတယ်။

တရုတ်နိုင်ငံက ထောင်တွေမှာလုပ်သလိုပေါ့။ ထောင်သားပေါ်မှာ တစ်မိနစ်ကို ရေတစ်စက်ချပေးတယ် ကြာလာတော့ အဲ့ဒီထောင်သားက ရေစက်ကို စောင့်ရင်းစောင့်ရင်းနဲ့ပဲ ရူးသွားတယ်။

အနားယူတယ်ဆိုတဲ့ခေါင်းစဉ်ဟာမေ့လျော့ခြင်းတစ်မျိုးပဲ။ အလုပ်လက်မဲ့နေတယ်ဆိုတာလည်း တနည်းပြောရရင် သူခိုးတွေလုပ်တဲ့အလုပ်တမျိုးပဲ။

အအားယူတာတို့ အနားယူတာတို့ဆိုတာ အသင့်ကို နားယောင်အောင် အယုံသွင်းနေတဲ့ခေါင်းစဉ်တွေပဲ။ အသင်နားယောင်နေတဲ့ အဲ့ဒီအားချိန်တွေ နားချိန်တွေကပဲ အသင့်ဦးနှောက်ကို တစ်စစီဆုတ်ဖြဲခံထားရတဲ့ သားကောင်လို လုပ်ပစ်မှာပဲ။

ကဲဒါဆို အသင်အခုပဲ ထပြီးနမားဇ်ဝတ်ပြုရင်ဝတ်ပြု သေလာဝသ်လုပ်ရင်လုပ် ဒါမှမဟုတ် စာပေလေ့လာရင်လေ့လာ ရေးချင်ရင်ရေး ဒါမှမဟုတ် ရုံးခန်းတွေ အိမ်တွေသပ်သပ်ရပ်ရပ် ဖြစ်အောင်လုပ်ချင်လုပ် ဒါမှမဟုတ် တယောက်ယောက်ကို အကျိုးပြုတဲ့အလုပ်တစ်ခုခုလုပ်ပါ။ ဒါမှ အသင်ဟာ အသင်ရဲ့အလုပ်လက်မဲ့အချိန်တွေကို အမြစ်လှန်သုတ်

သင်ပစ်နိုင်လိမ့်မယ်။ ကျနော်ဟာ အသင့်ကို စေတနာထား အကောင်း လိုလားတဲ့သူတွေထဲက တစ်ယောက်ပါ။

အသင့်ရဲ့ အလုပ်လက်မဲ့အချိန်တွေကို အလုပ်ခေါးနဲ့ အပြီးရှင်း ပစ်လိုက်ပါတော့။ အသင်အဲ့ဒါသာလုပ်ကြည့်လိုက် ၅၀ ရာခိုင်နှုန်း ကိုယ်စိတ်နှလုံးရွှင်လန်းချမ်းမြေ့မှု တွေရလာလိမ်မယ်လို့ တကမ္ဘာလုံး က ဆရာဝန်တွေကအာမခံချက်ပေးထားတယ်။ အသင်အိပ်ယာထဲမှာ မျက်ရည်တသုတ်သုတ်နဲ့ ကြေကွဲနေတဲ့အချိန်မှာ လယ်သမားတွေ မုန့်လုပ်သမားတွေ ပန်းရန်သမားတွေကို အသင်ကြည့်ကြည့်ပါ့လား သူတို့တွေ သီချင်းတအေးအေးနဲ့ အလုပ်တွေလုပ်နေလိုက်ကြတာ ငှက်တွေ ပျော်ရွှင်တဲ့ခါ တွန်ကြူးနေသလိုပဲ။ အသင်က ဘာလို့ မျက်ရည်သုတ်ပြီးကြေကွဲနေရတာလဲ အသင်သိပါသလား။ အသင်ဟာ ခုနကပြောတဲ့ အဆိပ်ရှိတဲ့အလုပ်လက်မဲ့အချိန်တွေက အသင့်ကို အဆိပ်သင့်အောင် ပေါက်ပလိုက်လို့ပဲ။

!!!!!

(၂၈) ကိုယ်ပိုင် ရပ်တည်ချက်မရှိတဲ့ယောင်ဇဝ

လူသားမျိုးမဖြစ်ပါနဲ့တဲ့

တခြားသူတွေကို အတုခိုးပြီး သူတို့အတိုင်းတစ်ပုံတည်း ကိုယ့် ကိုယ်ကို ပုံသွင်းဖို့မကြိုးစားပါနဲ့တဲ့။ အဲ့ဒါက အသင်ထာဝရခံရမယ့် ပြစ် ဒဏ်ပဲ။ လူတော်တော်များများက ကိုယ့်ကိုယ်ကို တခြားသူတွေနဲ့ တပုံ တည်းတူအောင် လုပ်ရင်းလုပ်ရင်းနဲ့ ကိုယ့်မူပိုင်အရည်အချင်းတွေ အရည်အသွေးတွေ ကိုယ့်မူပိုင် ဟန်ပန်အမူအရာတွေ မူပိုင်အသံတွေ

စတဲ့ကိုယ့်မှာရှိတဲ့ မူပိုင်ပါရမီတွေကို မေ့ပစ်ကုန်တယ်။ အဲ့ဒီလိုနဲ့ ဟန်ဆောင်မှုတွေ မာနတွေ တလွဲကျိုးနွံမှုတွေစတဲ့ side effect တွေအများ ကြီး သူ့ထဲမှာအရိုးစွဲသွားတယ်။

အာဒမ် ﷺ သခင်ကနေ နောက်ဆုံးအဖန်ဆင်းခံလူသားအထိ ကျနော်တို့ပြန်ကြည့်ကြည့်လိုက်ရင် လူသားနှစ်ယောက် ရုပ်ရည်ရူပကာ တပုံတည်းတူတယ်ဆိုတာမရှိဘူး။ ရုပ်တောင်မတူဘူးဆိုရင် အရည် အချင်းတွေ အကျင့်ဗီဇစရိုက်တွေ ဘယ်လိုလုပ်တူမှာလဲ။ အသင်နဲ့ တပုံတည်း တထေရာတည်း တူတဲ့သူ လူ့သမိုင်းမှာ မရှိခဲ့သလို နောင်လည်း လောကကမ္ဘာမှာ အသင်နဲ့တစ်ပုံတည်း တထေရာတည်း တူတဲ့သူ ရှိမှာမဟုတ်ဖူး။

အဲ့ဒီတော့ မိတ်ဆွေ အသင်ဟာ မောင်ဖြူနဲ့လည်း လုံးဝ မတူသလို မောင်နီနဲ့လည်း လုံးဝ မတူပါဘူး။ အသင်ဟာ အသင်ပါပဲ။ ဒါ့ကြောင့် ဇွတ်အတင်းအဓမ္မ ကိုယ့်ကိုယ်ကို သူများတွေနဲ့တူအောင် ပုံမသွင်းပါနဲ့။ ကိုယ့်ပုံစံနဲ့ကိုယ်လျှောက်ပါ။ အသင် ဖန်ဆင်းခံထားရတဲ့ အတိုင်းပဲနေပါ။ ဘယ်သူ့အသံမှ အတုမခိုးပါနဲ့။ ကိုယ့်မူပိုင်အသံနဲ့ ကိုယ်နေပါ။ အသင့်ရဲ့လမ်းလျှောက်ပုံကိုလည်း မပြောင်းပါနဲ့။ ကိုယ့် စတိုင်လ်နဲ့ ကိုယ်လျှောက်ပါ။ ဝဟီကိုလက်ကိုင်ပြုရင်း ဝဟီရဲ့ လင်းရောင်အောက်မှာ သင့်ဘဝကို အလှဆင်ပါ။ ဝဟီကို လက်ကိုင် ပြုထားမှ အသင်ဟာ ကိုယ့်ကိုယ်ကို သိမှာဖြစ်တယ်။

အသင့်မှာ ကိုယ်ပိုင်အရောင်အနံ့အရသာတွေရှိတယ်။ ကျနော် တို့က အသင့်ကို အသင့်ရဲ့မူပိုင်အရောင်နဲ့ပဲအသင့်ကို မြင်ချင်ကြတယ်။ အသင့်ရဲ့မူပိုင်အနံ့အရသာနဲ့ပဲ အသင့်ကို မြင်ချင်ကြတယ်။ ဘာလို့လဲ

ဆိုတော့ အသင်ဖန်ဆင်းခံထားရတာလည်း အဲဒီအတိုင်းပဲလေ။ ကျနော်တို့ အသင့်ကိုသိခဲ့တာလည်း အဲ့ဒီအတိုင်းပဲသိခဲ့တာ။ ကိုယ်ပိုင် ရပ်တည်ချက်မရှိတဲ့ ယောင်ဖြဲ လူသားမျိုးတွေ မဖြစ်ကြပါနဲ့ဗျာ။

လူတွေရဲ့ ပင်ကိုယ်ဗီဇတွေက သစ်ပင်ပန်းမန်တွေလိုပဲ အရောင်အမျိုးမျိုး အနံ့အဖုံဖုံ အရသာအသီးသီးရှိကြတယ်။ အချို့အပင်တွေက ချိုတယ် တချို့အပင်တွေက ချဉ်တယ်။ တချို့အပင်တွေက တိုတယ်။ တချို့အပင်တွေက ရှည်တယ်။ လူတွေကလည်း အဲ့ဒီလိုပဲ။ ဒါ့ကြောင့် အသင်ဟာ ငှက်ပျောသီးဆိုရင် ငှက်ပျောသီးလိုပဲနေပါ။ ဇွတ်အတင်းအဓမ္မ ချဉ်စော်ခါးသီးမဖြစ်ချင်ပါနဲ့။ အသင့်ရဲ့အလှ အသင့်တန်ဖိုးက ငှက်ပျောသီးအဖြစ်နဲ့ရှိနေမှပဲ ပေါ်လွင်နေလို့ပါ။ ဘာသာစကားတွေကွဲတာ အသွေးအသားတွေကွဲတာ အရည်အချင်း အရည်အသွေးတွေ ကွဲတာတွေဟာ အလ္လာဟ်အရှင်မြတ်ရဲ့ သက်သေလက္ခဏာတော်တွေထဲက တခုဖြစ်ပါတယ်။ အလ္လာဟ်အရှင်မြတ်ရဲ့ သက်သေလက္ခဏာတော် တွေကို အသင်မဆန့်ကျင်သင့်ဘူး။